# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ စနေနေ့။ Saturday, 15 November 2025 ၁၂၀၀၂


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

## တိုင်းပြည်လွတ်လပ်ရေးကြိုးပမ်းမှုအတွက် ရှေ့ပြေးသဖွယ်ပေါ်ပေါက်ခဲ့သော YMBA အသင်းကြီးကချမှတ်ခဲ့သည့် ရည်ရွယ်ချက်များကို ယနေ့ကာလတိုင် မျိုးဆက်သစ်များက လက်ဆင့်ကမ်းတာဝန်ယူ ထမ်းရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၄

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီးနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း မှတ်တမ်းဓာတ်ပုံပြခန်းအား ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားကိုကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ဆရာတော်၊ သံဃာတော်များ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

### ဆုပေးအပ်ချီးမြှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး YMBA (ဗဟို)၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် မြန်မာဘာသာ (အကြီးတန်း)တွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



**ယနေ့ ဖတ်စရာ**

**မြန်မာအီလက်ထရောနစ်မဲပေးစက် ( MEVM ) ၏ စံချိန်စံညွှန်းကို မြန်မာစံချိန်စံညွှန်းအဖြစ် သတ်မှတ်ပြီးဖြစ်ကြောင်း၊ အရည်အသွေးကိုက်ညီမှုထောက်ခံချက်လက်မှတ်နှင့် စံချိန်စံညွှန်း အမှတ်တံဆိပ် အသုံးပြုခွင့်လိုင်စင်ရရှိပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၅

**ဘက်လိုက်ခြင်းကင်း ပညာခင်း၍ အများမီဒီယာမှာ မမျှော်နှင့် ...**

စာမျက်နှာ » ၁၄

ကြေးမုံ

# (၃၈) ဖြာ မင်္ဂလာတရားများလွှမ်းခြုံဝေဆာ မြန်မာပြည်တစ်ဝန်းအေးချမ်းသာယာ

ကြီးပွားချမ်းသာရေး မင်္ဂလာတရားတော်ကို အမျိုးမျိုးအဓိပ္ပာယ်ဖော်ဆောင်ကြသည်။ အချို့က ကောင်းသောအဆင်းကိုမြင်ရလျှင် ကြီးပွားကြောင်းဖြစ်၏။ အချို့က ကောင်းသောအသံကိုကြားရလျှင် ကြီးပွားကြောင်းဖြစ်၏။ အချို့က ကောင်းသောအနံ့အရသာ အတွေ့ခံစားရလျှင် ကြီးပွားကြောင်းဖြစ်၏ဟု အယူရှိသည်ဟု ပြောဆိုကြသည်။ သို့သော် တိကျသောအဖြေကိုမူ မရကြပေ။ နောက်ဆုံးတွင် နတ်သားတစ်ပါးက မြတ်စွာဘုရားထံရောက်ရှိပြီး ကြီးပွားချမ်းသာကြောင်း မင်္ဂလာတရားကို ဟောတော်မူရန်တောင်းပန်သဖြင့် မြတ်စွာဘုရားက မင်္ဂလသုတ်တရားတော်ကို ဟောတော်မူသည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူသော (၃၈) ဖြာမင်္ဂလာ ကြီးပွားချမ်းသာရေးတရားတော်များကို ခြုံငုံသုံးသပ်ကြည့်လျှင် ကုသိုလ်ရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စားဝတ်နေရေး၊ အိမ်ထောင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာရေး စသည့် အမျိုးဘာသာသာသနာကိစ္စအားလုံးပါဝင်လေသည်။ ထို့ကြောင့် (၃၈) ဖြာသော ကြီးပွားချမ်းသာရေး မင်္ဂလာတရားတို့သည် လူမျိုးမရွေး၊ ဘာသာမရွေး ကြီးပွားချမ်းသာလိုသူတိုင်း လိုက်နာကျင့်သုံးအပ်သော နည်းလမ်းများဖြစ်သည်။ အထူးသဖြင့် ယနေ့လူငယ်လူရွယ်များအားလုံး ကြီးပွားချမ်းသာရေး မင်္ဂလာတရားတော်များကို နှလုံးစိတ်ဝယ် ကိန်းအောင်ညွတ်နူးပြီး နှုတ်ဝယ်ရွရွဆောင်ယူကြကာ လိုက်နာကျင့်သုံးကြမည်ဆိုပါလျှင် မြန်ပြည်တစ်ဝန်း အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်သည်။

၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် အမျိုးသားအောင်ပွဲနေ့အခါသမယတွင် ရန်ကုန်မြို့ ဇေယျာသီရိဗိမာန်၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟိုကကျင်းပသော (၇၅)ကြိမ်မြောက် စိန်ရတု၊ (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုရရှိကြသော လူငယ်မောင်မယ်လေးများနှင့် ရန်ကုန်မြို့မှ ကျောင်းသားကျောင်းသူ လူငယ်မောင်မယ်လေးများ၏ (၃၈)ဖြာမင်္ဂလာတရားကို စုပေါင်းသီဆိုရွတ်ဆိုကြသည့် ကျက်သရေမင်္ဂလာရှိသော ဘဝဂ်ထိတိုင်ပျံ့လွင့်သည့် သီချင်းသံများသည် မြန်မာပြည်တစ်ဝန်း အေးချမ်းသာယာမှုအပေါင်းကို ဆောင်ကြဉ်းပေးမည့် အတိတ်နိမိတ်ကိုဆောင်နေပေသည်။

ထို့ကြောင့် မြန်မာပြည်တစ်ဝန်း အေးချမ်းသာယာမှုအပေါင်းကို ဆောင်ကြဉ်းပေးနိုင်ရန်အတွက် လူငယ်လူရွယ်များအပါအဝင် ပြည်သူ ပြည်သားအပေါင်းတို့က မြန်မာတို့၏ဘာသာတရား၊ ယဉ်ကျေးမှုအစဉ်အလာများအရ (၃၈) ဖြာမင်္ဂလာတရား၏ တစ်ခုချင်းစီအနက်အဓိပ္ပာယ်နှင့် အကျိုးသက်ရောက်မှုတို့ကို နက်ရှိုင်းစွာသိမြင်နားလည်ကြစေရန်နှင့် လိုက်နာကျင့်ကြံကြိုးစားအားထုတ်ကြရန် လိုအပ်ပေသည်။ အသေဝနာစဗာလာနံ- လူမိုက်တို့ကို မဆည်းကပ်ရခြင်း၊ ပဏ္ဍိတာနဉ္စ သေဝနာ- ပညာရှိ လူလိမ္မာတို့ကို မှီဝဲဆည်းကပ်ရခြင်း၊ ပူဇာစပူဇနေယျာနံ- ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း၊ ပတိရူပဒေသဝါသောစ- သင့်တင့်လျောက်ပတ်သောအရပ်၌နေရခြင်း၊ ပုဗ္ဗေစ ကတပုညတာ- ရှေးရှေးဘဝ ရှေးရှေးကာလက ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်း၊ အတ္တသမ္မာပဏိဓိစ- မိမိကိုယ်စိတ်ကို ကောင်းစွာထိန်းသိမ်းခြင်း အမှုတို့ကိုပြုကြရမည်ဖြစ်သည်။

ဗာဟုသစ္စဉ္စ- အကြားအမြင်ဗဟုသုတရှိခြင်း၊ သိပ္ပဉ္စ- စက်မှုလက်မှု အတတ်ကိုတတ်ခြင်း၊ ဝိနယောစ သုသိက္ခိတော- ကျင့်ဝတ်စည်းကမ်းများကို သင်ယူလိုက်နာခြင်း၊ သုဘာသိတာစ ယာဝါစာ- ကောင်းသောစကားကို ပြောဆိုတတ်ခြင်း၊ မာတာပိတု ဥပဋ္ဌာနံ- မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း၊ ပုတ္တဒါရဿ သင်္ဂဟော- သားသမီးဇနီးမယားတို့ကို ချီးမြှင့်ထောက်ပံ့ခြင်း၊ အနာကုလာစ ကမ္မန္တာ- သူတစ်ပါးကို မထိခိုက်သောအလုပ်ကို ပြုလုပ်ရခြင်း၊ ဒါနဉ္စ- လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း၊ ဓမ္မစရိယာစ- တရားနှင့်အညီ ကျင့်ဆောင်ခြင်း၊ ဉာတကာနဉ္စ သင်္ဂဟော- ဆွေမျိုးတို့ကို ချီးမြှင့်ထောက်ပံ့ခြင်း၊ အနဝဇ္ဇာနိ ကမ္မာနိ- အပြစ်ကင်းသောအလုပ်၊ အများအကျိုးပြုအလုပ်တို့ကို လုပ်ဆောင်ခြင်း၊ အာရတီ(ပါပါ)- မကောင်းမှုတို့ကိုကြိုတင်ဆုံးဖြတ်၍ ရှောင်ကြဉ်ခြင်း၊ မဇ္ဇပါနာစ သံယမော- အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။

ထို့အပြင်ကုသိုလ်တရား၌ မမေ့လျော့ခြင်း၊ ရိုသေထိုက်သူကို ရိုသေခြင်း၊ မာန်မာနမရှိခြင်း၊ သူပြုဖူးသော ကျေးဇူးကိုသိခြင်း၊ အခါအားလျော်စွာ တရားနာယူရခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ ဆုံးမစကားနားထောင်လွယ်သူဖြစ်ခြင်း၊ ရဟန်းသံဃာတော်တို့ကို ဖူးမြော်ရခြင်း၊ အခါအားလျော်စွာ တရားဆွေးနွေးရခြင်း၊ အကုသိုလ်စိတ်များ ခေါင်းပါးအောင် ခြိုးခြံစွာကျင့်ရခြင်း၊ မဂ်ဖိုလ်ရအောင် မြတ်သောအကျင့်ကိုကျင့်ရခြင်း၊ သစ္စာလေးပါးတို့ကိုသိခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ လောကဓံနှင့်ကြုံသောအခါ စိတ်ဓာတ်မတုန်လှုပ်ခြင်း၊ စိုးရိမ်ကြောင့်ကြမှုမရှိခြင်း၊ တပ်မက်မှုမရှိခြင်း၊ ကိလေသာ ဘေးရန်မရှိခြင်းဟူသည့် မင်္ဂလာတရားတော်များနှင့်အညီ ပြည်သူ ပြည်သားအပေါင်းတို့ လိုက်နာကျင့်ကြံအားထုတ်ကြခြင်းဖြင့် မြန်ပြည်တစ်ဝန်း ဘေးမသန်းဘဲ အေးချမ်းသာယာဝပြောမည် ဖြစ်ပါကြောင်း။ ။

## နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**
**နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၁၇-၁၁-၂၀၂၅ ရက်မှ စတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို ၁၇-၁၁-၂၀၂၅ ရက်မှစတင်၍ လက်ခံ ဆောင်ရွက်မည်ဖြစ်ပါသည်။

နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ကြေညာချက်

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များ၏သင်တန်းနှစ်များအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၁၇-၁၁-၂၀၂၅ ရက်မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၁၄**

ယနေ့ ညနေ ၄ နာရီ ၈ မိနစ် ၁၃ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၄၄ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မော်လိုက်မြို့၏ အနောက်ဘက် ၂၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၆၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၀၀ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## ညောင်ဦးမြို့၌ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပ

**ညောင်ဦး နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း (ညောင်ဦး)၌ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ပန်းမျိုးတစ်ရာခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်က ဖတ်ကြားသည်။ ထို့နောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲ ဆုရကျောင်းသားကျောင်းသူများအား ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် ကော်မတီဝင်များ၊ ညောင်ဦးခရိုင်ပညာရေးမှူး ဦးကျော်ဝင်းတို့က ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**ဒီပါလင်း**

## ၁၄ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၈၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း** | - စိုးအောင်၊ ခင်မို့မို့အောင်၊ |
| **ခေတ္တ စာတည်းမှူး** | - အေဝမ်းစိုး | **သတင်းထောက်များ** | ခင်မျိုးနိုင်၊ မာမာစိုး၊ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ | | ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| | ယုဝါဝါ၊ သီသီမင်း၊ | **အငယ်တန်း** | - အောင်ကျော်ဦး၊ သန်းတင်အောင် |
| | ဟိန်းထက်လင်း၊ သက်ထွေး၊ | **သတင်းထောက်များ** | ခင်သက်မွန်၊ မြသီတာ |
| | စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | စိုးသူရ | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ရာသက်ပန် နာယကကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❍ ရွှေဖုံးမှ

ဒုတိယဝန်ကြီးများ၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊(၇၅) ကြိမ်မြောက် စိန်ရတု (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲများတွင် ဆုရရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ဖွင့်လှစ်**

ယင်းနောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား ဂါရဝပြုဦးညွှတ်အလေးပြုကြသည်။

ဆက်လက်၍ မွန်ပြည်နယ် မော်လမြိုင်မြို့မှ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၊ ခေတ်ဟောင်းကာလပေါ်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် မသုသုသံသာအောင်က သုံးရောင်ခြယ်သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး စတင်ပေါ်ပေါက်ချိန်ကတည်းက ထားရှိခဲ့သည့် ရည်ရွယ်ချက်များနှင့်အညီ (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲများကို ကျင်းပပြီး "**သာသနာ**"တော် ထွန်းကားပြန့်ပွားရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ ယနေ့ဆိုပါက(၇၅)ကြိမ်မြောက် တိုင်ခဲ့ပြီဖြစ်ကြောင်း၊ အသင်းကြီးစတင်ပေါ်ပေါက်လာကတည်းက **"အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ"** ကြီးပွားမြင့်မားရေးအတွက် ရည်ရွယ်ချက်ထားရှိခဲ့ပြီး မူလချမှတ်ခဲ့သည့် ရည်ရွယ်ချက်များနှင့်အညီ ယနေ့အချိန်တိုင်အောင် မပျက်မယွင်းဘဲ တာဝန်ရှိသူများက ကြိုးပမ်းအကောင်အထည်ဖော်နေကြသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူစွာ အသိအမှတ်ပြုပါကြောင်း။

YMBA အသင်းကြီး၏ သမိုင်းကြောင်းကို ပြန်လည်ပြောကြားရမည်ဆိုပါက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းသည် ဒွန်တွဲပါလာမည်ပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် YMBA အသင်းကြီးသည် လွတ်လပ်ရေးနှင့် အမျိုးသားနိုင်ငံရေးကို ဦးဆောင်ဦးရွက်ပြုခဲ့သည့် အစောဆုံး အမျိုးသားရေးအသင်းအဖွဲ့ကြီးဟု ဆိုနိုင်ပါကြောင်း၊ ၁၉၀၆ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သည့် အသင်းကြီးသည် ယနေ့ဆိုပါက နှစ်ပေါင်း ၁၁၉ နှစ် တိုင်ခဲ့ပြီဖြစ်ကြောင်း။

မြန်မာ့သမိုင်းကိုပြန်ကြည့်မည်ဆိုပါက မိမိတို့လူမျိုးများသည် အမျိုးသားရေး စိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ပြင်းပြသူများဖြစ်သည်ကို အခိုင်အမာတွေ့ရှိရပါကြောင်း၊ မိမိတို့သည် လွတ်လပ်ရေးကြီး ဆုံးရှုံးခဲ့ရသော်လည်း မြန်မာတစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုအားကြောင့် ၁၉၀၆ ခုနှစ်တွင် ဘာသာရေးကိုအခြေခံသည့် YMBA အသင်းကြီးပေါ်ပေါက်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ၁၉၂၀ ပြည့်နှစ်တွင် YMBA မှ GCBA ဟူ၍ ပြောင်းလဲဖွဲ့စည်းကာ ယခင်ကထက် နိုင်ငံရေးလှုပ်ရှားမှုများကို ပိုမိုဆောင်ရွက်နိုင်ခဲ့ကြသည့်သမိုင်းမှတ်တမ်းများကိုလည်းတွေ့ရှိရကြောင်း၊ ထို့နောက် တို့ဗမာအစည်းအရုံးပေါ်ပေါက်လာပြီး အစည်းအရုံးဝင် သခင်လူငယ်များမှတစ်ဆင့်ရဲဘော်သုံးကျိပ်၊ ရဲဘော်သုံးကျိပ်မှတစ်ဆင့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းနိုင်ခဲ့ကာ လွတ်လပ်ရေးကိုပြန်လည်ရယူနိုင်ခဲ့သည်အထိ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကြီးက အခြေခံ အုတ်မြစ်ကောင်းများကို ချမှတ်ပေးနိုင်ခဲ့ကြောင်း၊

စာမျက်နှာ ၄ သို့ ❍



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ရာသက်ပန် နာယကကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA (ဗဟို)၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် မွန်ဘာသာ (အငယ်တန်း)တွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

- ❖ **YMBA အသင်းကြီး၏ သမိုင်းကြောင်းကို ပြန်လည်ပြောကြားရမည်ဆိုပါက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းသည် ဒွန်တွဲပါလာမည်ပင်ဖြစ်**
- ❖ **မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် YMBA အသင်းကြီးသည် လွတ်လပ်ရေးနှင့် အမျိုးသားနိုင်ငံရေးကို ဦးဆောင်ဦးရွက်ပြုခဲ့သည့် အစောဆုံး အမျိုးသားရေးအသင်းအဖွဲ့ကြီးဟုဆိုနိုင်**
- ❖ **၁၉၀၆ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သည့် အသင်းကြီးသည် ယနေ့ဆိုပါက နှစ်ပေါင်း ၁၁၉ နှစ်တိုင်ခဲ့ပြီဖြစ်**

❍ စာမျက်နှာ ၃ မှ

ထို့ကြောင့် **တပ်မတော်ရဲ့ သမိုင်းအစ ဘီအိုင်အေက** ဆိုသကဲ့သို့ **မျိုးချစ်စိတ်ရဲ့အစ YMBA က** ဟု ပြောရမည်ဖြစ်ကြောင်း။

**“အမျိုး” ဟူသည်**

**“အမျိုး”** ဟူသည်ကို **“အမျိုးသားများ ကြီးပွားတိုးတက်ရေး၊ အမျိုးသားများနှင့် သက်ဆိုင်သော အရေးအခင်းများ”**ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြောင်း၊ သမိုင်းစဉ်တစ်လျှောက်ကို လေ့လာကြည့်မည်ဆိုပါကလည်း ကမ္ဘာ့နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းတည်ဆောက် နေကြသည်ကို တွေ့ရှိရကြောင်း၊ ယနေ့ကမ္ဘာ့ဖြစ်ရပ်များကိုကြည့်ပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများအပါအဝင် နိုင်ငံများသည် အခြားသောနိုင်ငံရေးများထက် အမျိုးသားရေးကို ဦးစားပေး ဖော်ထုတ်လာကြသည်ကို တွေ့နိုင်ကြောင်း၊ နိုင်ငံတော်၏ ဘက်စုံအကျိုးစီးပွားများ အောင်မြင်ဖြစ်ထွန်းစေရေး **“စစ်မှန်သော အမျိုးသားရေးစိတ်ဓာတ်”** နိုင်ငံသားတိုင်းတွင် မရှိမဖြစ်ရှိနေကြရန် လိုအပ်ကြောင်း၊ ယင်းအချက်ကိုတွေးတောဆင်ခြင်မိကြသည့် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကြီးကို စတင်တည်ထောင်ခဲ့ ကြသူများက အမျိုးဆိုသည်နှင့် ပတ်သက်၍ ထည့်သွင်းခဲ့ကြခြင်းဖြစ်ကြောင်း။

မိမိတို့၏ မြန်မာစာပေ၊ မြန်မာဘာသာစကားသည် နှစ်ပေါင်းရှည်ကြာ သမိုင်းအထောက်အထားခိုင်မာစွာဖြင့် တည်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ဘာသာစကားတစ်ခု၏ တန်ဖိုးကို မိမိမွေးရပ်ဇာတိ တိုင်းပြည်မဟုတ်သည့် နိုင်ငံရပ်ခြားဒေသတစ်ခုသို့ ရောက်ရှိချိန်မှ ပိုမိုနားလည်သိရှိတတ်ကြကြောင်း၊ ထိုအခါမှ မိမိတို့၏ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေသည် ပိုမိုလေးနက်သည်ကို သိလာကြကြောင်း၊ ဒီမြေမှာမွေး ဒီမြေမှာကြီးပြင်းသူတိုင်းသည် မိမိတို့၏ ကိုယ်ပိုင်စာပေနှင့် ဘာသာစကားကို အလေးထားကြရန်လိုကြောင်း၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ဘာသာစကားစာပေများ ပျောက်ဆုံးမှုကြောင့် တိုင်းပြည်ပါ ပျောက်သည်အထိ ဖြစ်ခဲ့သည့် သာဓကများလည်း ရှိနေကြောင်း။

ယနေ့အချိန်တွင် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကြီးအနေဖြင့်လည်း ဘာသာ၊ စာပေနှင့် ပတ်သက်ပြီး ဆက်လက်ပံ့ပိုးဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြန်မာစာပေနှင့် ကိုယ်ပိုင်ဘာသာစကားများရှိပြီးသားထက် တိုးတက်မြင့်မားလာစေရန် ဘက်စုံထောင့်စုံမှ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိနေသည်ကိုပြောကြားလိုကြောင်း။

ယနေ့ခေတ်မှ ပညာခေတ် မဟုတ်ကြောင်း၊ ကမ္ဘာဦးကာလကတည်းက ပညာကိုအခြေပြုပြီး လူ့ဘောင် လောကကို တည်ဆောက် ခဲ့ကြခြင်းဖြစ်ကြောင်း၊ ပညာကြောင့်ပင် လူသားတို့ယဉ်ကျေးမှုသမိုင်း ပြောင်းလဲတိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများကို လေ့လာကြည့်ပါက ပညာတတ်များ ပေါ်ကြွယ်ဝခြင်းနှင့် ပညာရေးကို နှစ်ကာလများစွာကတည်းက အားပေးခဲ့ကြခြင်းကြောင့် ဖြစ်သည်ကို တွေ့နိုင်ကြောင်း၊ **“ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး”** ဆိုသည့်အတိုင်း အသိပညာ၊ အတတ်ပညာများ ပြည့်ဝနေခြင်းသည် မိမိတို့ တစ်ဦးတစ်ယောက်ချင်း၏ ဘဝများအတွက်သာမက ပညာတတ်များပြည့်ဝသည့် နိုင်ငံတော်တစ်ခုအတွက်လည်း ကမ္ဘာ့အလယ်တွင် ဝင့်ထည်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လက်ရှိအချိန်တွင် နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေးရည်မှန်းချက်အဖြစ် KG+9 အထိ မသင်မနေရ ပညာရေးစနစ်ကို ချမှတ်ထားပြီး ပညာတတ်လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

မိမိတို့နိုင်ငံ၏ ပညာရေးစနစ်သည် အတန်းပညာမှ တစ်ဆင့် အတတ်ပညာ၊ အသိပညာအထိ ပြည့်စုံအောင် ဖန်တီးပေးထားသည့် စနစ်ကောင်းတစ်ခုပင်ဖြစ်ကြောင်း၊ အတတ်ပညာ အသိပညာပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများကသာလျှင် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

**လက်ဆင့်ကမ်းတာဝန်ယူ**

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်မှစပြီး တိုင်းပြည်လွတ်လပ်ရေးကြိုးပမ်းမှုအတွက် ရှေ့ပြေးသဖွယ် ပေါ်ပေါက်ခဲ့သော YMBA အသင်းကြီးကချမှတ်ခဲ့သည့် ရည်ရွယ်ချက်များကို ယနေ့ကာလတိုင် မျိုးဆက်သစ်များက လက်ဆင့်ကမ်း တာဝန်ယူ ထမ်းရွက်လျက်ရှိနေသည်ကို တွေ့ရှိရကြောင်း။

မျိုးချစ်စိတ်ဓာတ် ခိုင်မာမှု၊ လျော့နည်းမှုပေါ် မူတည်ပြီး နိုင်ငံတော်သည် ဆူကြုံနိမ့်မြင့် ခရီးအသွယ်သွယ်ကို လျှောက်လှမ်းခဲ့ရကြောင်း၊ ထို့ကြောင့် ကြုံတွေ့ခဲ့ရသည့် သမိုင်းဖြစ်စဉ်များကို သင်ခန်းစာယူပြီး ယခုနှစ် အမျိုးသားအောင်ပွဲနေ့ အတွက် ချမှတ်ထားသော ဆောင်ပုဒ်ဖြစ်သည့် **“စည်းလုံးချစ်ကြည် လက်တွဲညီ ရွှေပြည်သစ်ဆီ လှမ်းကြမည်”** ဆိုသည့် ဆောင်ပုဒ်သည် ယနေ့အချိန်တွင် တိုင်းပြည်၏ ပကတိ လိုအပ်ချက်ဖြစ်သော ခိုင်မာကောင်းမွန်သည့် အမျိုးသားရေး စိတ်ဓာတ်တစ်ခုပင်ဖြစ်သည်ကို အားလုံးရင်ထဲတွင် စွဲမြဲနားလည်နေကြရန် လိုအပ်ကြောင်း။

မြတ်စွာဘုရား၏သာသနာတော်ဆိုသည်မှာ အဆုံးအမတစ်ခုဖြစ်သကဲ့သို့ ကိုယ်စီကိုယ်စီတွင် ရှိသင့်သည့် ကိုယ်ချင်းစာတရားတစ်ခုလည်းဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်တိုင်း၏ နှလုံးအိမ်တွင် မြတ်စွာဘုရား၏ အဆုံးအမများ ကိန်းအောင်းနေရန် အတွက် (၃၈)ဖြာမင်္ဂလာတရားတော်သည် အခြေခံပင်ဖြစ်ကြောင်း၊ ထိုသို့ အဆုံးအမများ တိုင်းသူပြည်သားများ၏ နှလုံးအိမ်တွင်တည်ရှိနေရန် ၁၉၄၉ ခုနှစ်မှစပြီး (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲများကို YMBA အသင်းကြီးက ဦးဆောင်ကျင်းပခဲ့သည်မှာ ယခုအခါ (၇၅) ကြိမ်မြောက် စိန်ရတု အခါသမယတိုင်ခဲ့ပြီဖြစ်ကြောင်း။

ထိုသို့ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်နှင့် တစ်မျိုးသားလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း၊ ယခုနှစ် (၇၅) ကြိမ်မြောက် (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲများကို ကျင်းပရာတွင် ယခင်နှစ်များနှင့်မတူထူးခြားသည်မှာ မြန်မာဘာသာနှင့်သာမကဘဲ တိုင်းရင်းသားဘာသာများဖြစ်သည့် မွန်၊ ပအိုဝ်းဘာသာများနှင့်ပါ ဖြေဆိုနိုင်ခဲ့သည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ တွေ့ရှိရကြောင်း၊ နောင်လာမည့်နှစ်များတွင်လည်း ယခုတိုင်းရင်းသား ဘာသာစကားများအပြင် အခြားတိုင်းရင်းသား ဘာသာစကားများနှင့်ပါ ဖြေဆိုနိုင်ကြရေးအတွက် မိမိအနေဖြင့် တိုက်တွန်းပြောကြား လိုကြောင်း။

**စာမျက်နှာ ၅ သို့** ❍

☆ **ယနေ့ကမ္ဘာ့ဖြစ်ရပ်များကိုကြည့်ပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများအပါအဝင် နိုင်ငံများသည် အခြားသောနိုင်ငံရေးများထက် အမျိုးသားရေးကို ဦးစားပေးဖော်ထုတ်လာကြသည်ကိုတွေ့နိုင်**

☆ **နိုင်ငံတော်၏ ဘက်စုံအကျိုးစီးပွားများ အောင်မြင်ဖြစ်ထွန်းစေရေး “စစ်မှန်သော အမျိုးသားရေးစိတ်ဓာတ်” နိုင်ငံသားတိုင်းတွင် မရှိမဖြစ်ရှိနေကြရန်လိုအပ်**

☆ **ယင်းအချက်ကို တွေးတောဆင်ခြင်မိကြသည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးကို စတင်တည်ထောင်ခဲ့ကြသူများက အမျိုးဆိုသည်နှင့် ပတ်သက်၍ ထည့်သွင်းခဲ့ကြခြင်းဖြစ်**




ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်း သီဆိုကြစဉ်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၄၃ ရက်

သာ လိုတော့သည်။

○ စာမျက်နှာ ၄ မှ

မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ပေါ်ပေါက်ခဲ့သည့် YMBA အသင်းကြီးသည် ယနေ့ဆိုပါက နှစ်ပေါင်း ၁၁၉ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ စတင်ပေါ်ပေါက်ချိန်ကတည်းက ချမှတ်ခဲ့သည့် **"အမျိုး၊ဘာသာ၊ သာသနာ၊ ပညာကို အားပေးပါ"** ဆိုသည့် ရည်ရွယ်ချက်သည် ယနေ့ထက်တိုင် အသက်ဝင်နေဆဲ၊ မျိုးဆက်သစ်များက လက်ဆင့်ကမ်းဆောင်ရွက်နေရဆဲ သမိုင်းပေးတာဝန်များပင် ဖြစ်ကြောင်း၊ အဆိုပါတာဝန်များကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း တစ်တပ်တစ်အားကြိုးစားဆောင်ရွက်နေသကဲ့သို့ အမိနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း အမျိုးကိုချစ်သည့်စိတ်၊ ဘာသာကိုအလေးထားသည့်စိတ်၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်လိုသည့်စိတ်၊ ပညာကိုမြှင့်တင်လိုသည့် စိတ်ဓာတ်ခံယူချက်များဖြင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် ကိုယ်စီကိုယ်စီ တာဝန်သိသိ တာဝန်ရှိရှိ ပူးပေါင်းဆောင်ရွက် သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ဥက္ကဋ္ဌ ဦးရဲထွန်းက တပ်မတော်စစ်သမိုင်းပြတိုက်သို့ ပေးအပ်လှူဒါန်းသည့် ၁၃၁၃ ခုနှစ်၊ တန်ခူးလဆန်း (၁၀) ရက်၊ ၁၉၅၂ ခုနှစ်၊ ဧပြီလ(၄) ရက် သောကြာနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အဆောက်အအုံ အုတ်မြစ်ချရာတွင် အသုံးပြုခဲ့သော သမိုင်းဝင်ဖိသုကာသံလက်အား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းထံ ပေးအပ်သည်။

ဆက်လက်၍ ပအိုဝ်းရိုးရာယဉ်ကျေးမှုအကအဖွဲ့နှင့် မွန်ရိုးရာယဉ်ကျေးမှု အကအဖွဲ့တို့က တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းကြီး (YMBA)၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် မြန်မာဘာသာ (အကြီးတန်း)၊ ပအိုဝ်းဘာသာ (အကြီးတန်း)နှင့် မွန်ဘာသာ (အငယ်တန်း)တို့တွင် ပထမဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက (၃၈)ဖြာမင်္ဂလာတေးအား ရွတ်ဆိုကြပြီး ဇာတိမာန်သီချင်းအား သီဆိုကြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းရာသက်ပန်နာယကကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဆုရရှိသူများ၊ အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်


## မြန်မာအီလက်ထရောနစ်မဲပေးစက် ( MEVM ) ၏ စံချိန်စံညွှန်းကို မြန်မာစံချိန်စံညွှန်းအဖြစ် သတ်မှတ်ပြီးဖြစ်ကြောင်း၊ အရည်အသွေးကိုက်ညီမှုထောက်ခံချက်လက်မှတ်နှင့် စံချိန်စံညွှန်း အမှတ်တံဆိပ် အသုံးပြုခွင့်လိုင်စင် ရရှိပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်

၂၀၂၅ ခုနှစ် နိုဝင်ဘာ လ ၁၄ ရက်

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM ) များကို ပြည်တွင်းနည်းပညာရှင်များက ပထမဆုံးတီထွင်ထုတ်လုပ်ထားခြင်း ဖြစ်သဖြင့် စက်၏အရည်အသွေးနှင့် စံချိန်စံညွှန်းကို စစ်ဆေးပေးနိုင်ရေးတင်ပြခဲ့ရာ အမျိုးသားစံချိန်စံညွှန်းကောင်စီက မြန်မာအီလက်ထရောနစ်မဲပေးစနစ်ဆိုင်ရာ စံချိန်စံညွှန်း ရေးဆွဲရေးနည်းပညာဆပ်ကော်မတီကို သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များပါဝင်သည့် အဖွဲ့ဝင် ၂၀ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ နည်းပညာဆပ်ကော်မတီအနေဖြင့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာစံချိန်စံညွှန်း(မူကြမ်း)ကို ရေးဆွဲတင်ပြခဲ့သဖြင့် အမျိုးသားစံချိန်စံညွှန်းကောင်စီအနေဖြင့် စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပုဒ်မ ၅ ပုဒ်မခွဲ (ခ) ပါ လုပ်ငန်းတာဝန်အရ ၂ – ၉ – ၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၀၇၅/၂၀၂၅ ဖြင့် မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ စံချိန်စံညွှန်းကို မြန်မာစံချိန်စံညွှန်းအဖြစ် သတ်မှတ်ခဲ့ပါသည်။

ထို့နောက် အမျိုးသားစံချိန်စံညွှန်းကောင်စီသည် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ၏ ထုတ်ကုန်နှင့်ထုတ်လုပ်မှု နည်းစဉ်များအား သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်းရှိ မရှိကို အကဲဖြတ်စစ်ဆေးခြင်းဆောင်ရွက်နိုင်ရန် အမိန့်ကြော်ငြာစာအမှတ်၊ ၀၈၃/၂၀၂၅ ဖြင့် လျှပ်စစ်၊ အီလက်ထရောနစ်နှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ အကဲဖြတ်စစ်ဆေးရေးကော်မတီကိုဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာစံချိန်စံညွှန်းကို အမျိုးသားစံချိန်စံညွှန်းကောင်စီက မြန်မာစံချိန်စံညွှန်း (MMS)အဖြစ်



Ministry of Science and Technology

National Certification Body

License for the use of MMS Standard Mark

1. By virtue of the power conferred on it by the Law on Standardization (2014), the National Certification Committee hereby grant to

Organization Union Election Commission

(hereinafter called "the license holder) this license to use the MMS Standard Mark set out in the first column of the Schedule hereto, upon or in respect of the article(s)/Product set out in the second column of the said Schedule and which are in conformity with the relevant Myanmar Standard(s) referred to in the third column of the said schedule as amended of revised from time to time.

2. This license carries obligations on part of the licensee as conditions of license which are given in annex attached herewith. This license shall be valid for the name, organization address and period as mentioned in the schedule and may be renewed as specified in the product certification scheme.

License No: 001/NCB/LIC/2025

Certificate No. 001/NCB/CER/2025

Organization Address : Office No.(22), Nay Pyi Taw

Date of Issue: 15th October, 2025 Date of Expiry: 14th October, 2028

THE SCHEDULE

| (1) MMS Standard Mark | (2) Product | (3) Myanmar Standard |
| --- | --- | --- |
| MMS | Myanmar Electronic Voting Machine | MMS 63: 2025 |

( )
General Manager
National Certification Body



Ministry of Science and Technology

National Certification Committee

Certificate of Conformity

Certificate No.001/NCB/CER/2025

The National Certification Committee hereby grants this Certificate of Conformity to

Union Election Commission

Office No.(22), Nay Pyi Taw

Under Product Certification Scheme

The National Certification Body hereby certifies {*Myanmar Electronic Voting Machine*} that was tested and found to comply with the requirements of the standard mentioned below:

MMS Standard:
MMS 63:2025 Myanmar Electronic Voting System

Date of Issue- 15th October, 2025
Date of Expiry- 14th October, 2028

( )
Chair
National Certification Committee

လည်းကောင်း၊ အမျိုးသားအဆင့်အရည်အသွေးထောက်ခံချက် ထုတ်ပေးရေးဆိုင်ရာကော်မတီ (National Certification Committee – NCC)မှ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)၏ အရည်အသွေးသည် စံချိန်စံညွှန်းပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်း စိစစ်အတည်ပြုထုတ်ပေးခဲ့သည့် အရည်အသွေးကိုက်ညီမှု ထောက်ခံချက် (Certification of Conformity – CoC) လက်မှတ်ကိုလည်းကောင်း၊ အမျိုးသားအဆင့် အရည်အသွေးထောက်ခံချက် ထုတ်ပေးရေးအဖွဲ့ (National Certification Body – NCB)မှ ထုတ်ပေးသည့် မြန်မာစံချိန်စံညွှန်းအမှတ်တံဆိပ် (MMS Standard Mark) အသုံးပြုခွင့်လိုင်စင်ကိုလည်းကောင်း ရရှိပြီးဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် )

**ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်**

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ယမန်နေ့စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)မှအဆက်**

| | | |
|---|---|---|
| ၁၈၅။ ဦးအောင်ချမ်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၈၆။ ဦးဝေဖြိုးဦး | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၈၇။ ဦးမင်းမင်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၈၈။ ဦးအောင်အောင်ထွန်း | ဦးစီးအရာရှိ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၈၉။ ဦးစိုင်းဇေဇေဦး | ဦးစီးအရာရှိ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၀။ ဦးချစ်အောင်နိုင်ထွန်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၁။ ဦးသန့်ဇင်ထွန်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၂။ ဦးကျော်နု | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၃။ ဦးနန်းကိုဦး | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၄။ ဦးကျော်သူဝင်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၅။ ဦးထွန်းထွန်းကျော် | ဦးစီးအရာရှိ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၆။ ဦးညီညီထွန်း | ဦးစီးအရာရှိ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၇။ ဒေါ်နှင်းမြမြဦး | ဦးစီးအရာရှိ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉၈။ ဒေါက်တာအောင်ဇေယျ | လက်ထောက်ဆရာဝန် (မြို့နယ်ဆရာဝန်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၉၉။ ဒေါက်တာမြတ်သက်နွယ် | လက်ထောက်ဆရာဝန် (ခာတ်မှန်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၀၀။ ဒေါက်တာအိအိအောင် | လက်ထောက်ဆရာဝန် (သွားနှင့်ခံတွင်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၀၁။ ဒေါ်စုငြိမ်းလဲ့ဝေ | ဦးစီးအရာရှိ(ဆေးဝါး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၀၂။ ဦးမိုးလွင် | ဦးစီးအရာရှိ(ခာတ်ခွဲ) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၀၃။ ဦးဇရာမိုး | ဦးစီးအရာရှိ(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၂၀၄။ ဦးနေလင်းအောင် | ဦးစီးအရာရှိ (မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၂၀၅။ ဒေါ်ဖြူဖြူနွယ် | ဦးစီးအရာရှိ(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၂၀၆။ ဒေါ်စန်းစန်းမော် | ကျောင်းအုပ် | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၂၀၇။ ဦးဝဏ္ဏ | စက်မှုကျွမ်းကျင်(၁) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၀၈။ ဦးရဲထွန်း | စက်ခေါင်းမောင်း(၂)အထူး | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၀၉။ ဦးစောမြင့်ဝင်း | စက်ခေါင်းမောင်း(၂)အထူး | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၁၀။ ဦးသန်းဝင်း | စက်ခေါင်းမောင်း(၂) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၁၁။ ဦးမျိုးဦး | စက်ခေါင်းမောင်း(၂)အထူး | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၁၂။ ဦးထွန်းထွန်းဝင်း | စက်ခေါင်းမောင်း(၂)အထူး | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၁၃။ ဦးနေအောင်ဇော် | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၁၄။ ဒေါ်မြင့်မြင့်စိုး | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၁၅။ ဦးစောနေသား | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၁၆။ ဒေါ်သက်အိစံ | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၁၇။ ဒေါ်ဝါဝါအောင် | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၁၈။ ဦးဇော်မြင့် | မြို့အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၁၉။ ဦးသန်းထွန်းအောင် | မြို့အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၂၀။ ဦးစောမြတ်ကျော် | မြို့အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၂၁။ ဦးအေးမျိုးအောင် | မြို့အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၂၂။ ဦးထန်ဂင့်ဆုမ်း | မြို့အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၂၃။ ဦးဆောမ်းရှန်းဆာန် | မြို့အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၂၄။ ဦးဝင်းစိုးစံ | မြို့အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၂၅။ ဦးလင်းမင်းသက် | မြို့အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၂၆။ ဦးစိုးမိုးသူ | မြို့အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၂၇။ ဒေါ်မိုးသူဇာခိုင် | အငယ်တန်းအင်ဂျင်နီယာ-၂ | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၂၈။ ဦးကျော်ကျော်နိုင် | စက်ခေါင်းမောင်း(၃) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၂၉။ ဦးသက်ဇော်မျိုး | စက်ခေါင်းမောင်း(၃) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၀။ ဦးကိုကိုမောင် | စက်ခေါင်းမောင်း(၃) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၁။ ဦးဇင်ပိုင်စိုး | စက်ခေါင်းမောင်း(၄) မြန်မာ့မီးရထား | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၂။ ဦးဝင်းညွှန့် | စက်ခေါင်းမောင်း(၅)မီးထိုး မြန်မာ့မီးရထား | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၃။ ဦးသောင်းထိုက် | စက်ခေါင်းမောင်း(၅)မီးထိုး မြန်မာ့မီးရထား | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၄။ ဦးကျော်ဇင်လတ် | စက်ခေါင်းမောင်း(၅)မီးထိုး မြန်မာ့မီးရထား | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၅။ ဦးရှိန်းထွဋ်ဇော် | စက်ခေါင်းမောင်း(၅)မီးထိုး မြန်မာ့မီးရထား | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၆။ ဦးသန့်ဇင် | စက်ခေါင်းမောင်း(၅)မီးထိုး မြန်မာ့မီးရထား | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၇။ ဦးသီဟညီညီ | စက်ခေါင်းမောင်း(၅)မီးထိုး မြန်မာ့မီးရထား | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၈။ ဦးဝင်းဇော်အောင် | စက်ခေါင်းမောင်း(၅)မီးထိုး မြန်မာ့မီးရထား | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၃၉။ ဦးဇော်ဖေ | အဖွဲ့ဝင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ | မန္တလေးတိုင်းဒေသကြီး |
| ၂၄၀။ ဒေါ်တင်တင်လတ် | ဒုတိယဥက္ကဋ္ဌ(၁)၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | |
| ၂၄၁။ ဒေါ်ခင်မေစိုး | ဒုတိယဥက္ကဋ္ဌ(၂)၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | |
| ၂၄၂။ ဦးဘရမ်မိုင် | မန်နေဂျင်းဒါရိုက်တာ၊ ပေါ်ကြွယ်ဝကုမ္ပဏီလီမိတက် | |

**လူမှုထူးချွန်တံဆိပ် (ပထမဆင့်)**

| | | |
|---|---|---|
| ၁။ ဘဒ္ဒန္တ အာဒိစ္စဝံသ | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၂။ ဦးစိုးဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | မီးသတ်ဦးစီးဌာန |
| ၃။ ဦးမြတ်သီဟ | ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၄။ ဦးသိန်းထွန်းဦး | ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၅။ ဦးသန်းထွဋ်ဦး | ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၆။ ဦးရဲမင်းသွေး | ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၇။ ဦးမင်းစမ်းအေး | ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၈။ ဦးဇော်ဝင်းထွန်း | ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၉။ ဦးစောလွင် | တွဲဖက်ပါမောက္ခ | ပညာရေးဝန်ကြီးဌာန |
| ၁၀။ ဒုတိယရဲမှူး | ဇော်လေးဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁။ ဦးသိန်းဝင်း | စစ်မှုထမ်းဟောင်း(ငြိမ်း) | နေပြည်တော်ကောင်စီ |
| ၁၂။ ဦးခင်မောင်သန်း | အဖွဲ့ဝင်၊ သွေးဖောင်ဒေးရှင်း | ကချင်ပြည်နယ် |
| ၁၃။ ဦးမျိုးသန့်ဦး | ဒုတိယဥက္ကဋ္ဌ၊ သွေးဖောင်ဒေးရှင်း | ကချင်ပြည်နယ် |
| ၁၄။ ဦးသိုက်ထွန်း | တိုင်းရင်းဆေးသမားတော် | မကွေးတိုင်းဒေသကြီး |
| ၁၅။ ဦးဝင်းငွေ | သွေးအလှူရှင် | မန္တလေးတိုင်းဒေသကြီး |
| ၁၆။ ဦးအောင်သန့် | သွေးအလှူရှင် | မန္တလေးတိုင်းဒေသကြီး |
| ၁၇။ ဦးကျော်မြင့် | သွေးအလှူရှင် | မန္တလေးတိုင်းဒေသကြီး |
| ၁၈။ ဦးမြင့်ဆွေ | သွေးအလှူရှင် | မန္တလေးတိုင်းဒေသကြီး |
| ၁၉။ ဦးစိုးမိုး | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၂၀။ ဦးအောင်မိုးဦး | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၂၁။ ဦးကျော်ကျော် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၂၂။ ဦးအောင်မြင့်ဦး | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၂၃။ ဦးဝင်းစိန် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၂၄။ ဦးသန်းအေး | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၂၅။ ဦးကျော်ရင် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၂၆။ ဦးမင်းခိုင် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၂၇။ ဦးခင်ကြိုင် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၂၈။ ဦးတင်နွယ် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၂၉။ ဦးစောစိန်ဝင်း | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၃၀။ စင်ရော်မောင်မောင် | ဒါရိုက်တာ | |
| ၃၁။ ဒိန်းဒေါင် | ဟာသသရုပ်ဆောင် | |
| ၃၂။ ဦးအုန်းကျော် | ဥက္ကဋ္ဌ၊ Max Myanmar Group of Company | |
| ၃၃။ ဒေါက်တာစောနေနွယ် | ဒုတိယဥက္ကဋ္ဌ၊ Pacific AA Foundation | |
| ၃၄။ ဦးကျော်ဝင်း | ဥက္ကဋ္ဌ၊ ရွှေသံလွင်ကုမ္ပဏီ | |
| ၃၅။ ဦးအာယု | ဥက္ကဋ္ဌ၊ A Bank | |
| ၃၆။ ဦးသိန်းဝင်းဇော် | ဥက္ကဋ္ဌ၊ ရွှေဗျိုင်းဖြူကုမ္ပဏီ၊ ATOM Myanmar Limited | |
| ၃၇။ ဦးသန်းထိုက်စံ | မန်နေဂျင်းဒါရိုက်တာ၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း | |
| ၃၈။ ဦးနေအောင် | ဥက္ကဋ္ဌ၊ UAB Bank Foundation | |
| ၃၉။ ဒေါ်ဟန်စုခိုင် | ဒါရိုက်တာ၊ မြန်မာ့ရှေ့ဆောင်ဘဏ် | |

**လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)**

| | | |
|---|---|---|
| ၁။ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အောင်စေဆရာတော် ဘဒ္ဒန္တပဝရသိဒ္ဓိ | | နေပြည်တော် |
| ၂။ ဘဒ္ဒန္တအာဒိစ္စ | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၃။ ဦးကောင်းမြတ်နောင် | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၄။ ဦးပြည့်ဖြိုးဦး | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၅။ ဦးကျော်ကျော်စိုး | ရုံးအုပ် | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၆။ မ ၂၉၄၁၀ | ဒုတိယမီးသတ်ဦးစီးမှူး ဦးလင်းဇော်ဦး | မီးသတ်ဦးစီးဌာန |
| ၇။ ဦးအောင်ကျော်ထူး | လူဝင်မှုကြီးကြပ်ရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၈။ ဦးမျိုးမင်းသောင်း | သွေးအလှူရှင် | မန္တလေးတိုင်းဒေသကြီး |
| ၉။ ဒေါ်လှလှဝင်း | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၀။ ဦးအောင်မြင့် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |

စာမျက်နှာ ၇ သို့ ★

★ စာမျက်နှာ ၆ မှ

| | | | |
|---|---|---|---|
| ၁၁။ | ဒေါက်တာခင်အေးပွင့်ခိုင် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၂။ | ဦးငွေငွေး | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃။ | ဒေါ်စန်းစန်းနွဲ့ | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၄။ | ဝေဠုကျော် | သရုပ်ဆောင် | |
| ၁၅။ | ငြိမ်းချမ်း | ဟာသသရုပ်ဆောင် | |
| ၁၆။ | ဒေါ်စန်းစန်းကြွယ် | ဒါရိုက်တာ၊ ဧကမ္ဘာကုမ္ပဏီ | |
| ၁၇။ | ဦးအောင်ကျော်မျိုး | ဒုတိယဥက္ကဋ္ဌ၊ ကမ္ဘောဇဖောင်ဒေးရှင်း | |
| ၁၈။ | ဦးချစ်သန်း | ဒါရိုက်တာ၊ တောင်ဒဂုံဆီအုန်းကုမ္ပဏီ | |
| ၁၉။ | ဦးဇော်မြင့်ထူး | မန်နေဂျင်းဒါရိုက်တာ၊ သံလွင်ရွှေမြေကျောက်မျက်ကုမ္ပဏီလီမိတက် | |
| ၂၀။ | ဦးရဲမင်းအောင် | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | |
| ၂၁။ | ဦးဝင်းအောင် | ဥက္ကဋ္ဌ၊ Myanmar Thilawa SEZ Holding Public Co.,Ltd၊ Myanmar Japan Thilawa Development Ltd | |
| ၂၂။ | ဦးမျိုးလွင်ဦး | ဥက္ကဋ္ဌ၊ TMS Auto & KLNA ကုမ္ပဏီ | |
| ၂၃။ | ဦးမြတ်ဇင် | မန်နေဂျင်းဒါရိုက်တာ၊ KGL Family ကုမ္ပဏီ | |
| ၂၄။ | ဦးသီဟဦး | မန်နေဂျင်းဒါရိုက်တာ၊ တစ်သုံးလုံးကျောက်မျက်ကုမ္ပဏီလီမိတက် | |
| ၂၅။ | ဦးသောင်းကြိုင် | ဥက္ကဋ္ဌ၊ Asia World Foundation | |
| ၂၆။ | ဦးဟန်စိုးကျော် | Managing Director ၊ Two Elephant Trading Co.,Ltd | |
| ၂၇။ | ဒေါ်သန်းသန်းနွယ် | ဒါရိုက်တာ၊ SMART HAND Co.,Ltd ၊ THURA NYAN Co.,Ltd | |
| ၂၈။ | ဒေါ်အေးအေးဟန် | မန်နေဂျင်းဒါရိုက်တာ၊ Pro 1 Global Co.,Ltd | |
| ၂၉။ | ဦးမောင်မောင်နိုင် | SKY One | |
| ၃၀။ | ဦးအေးဝင်း | ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) | |
| ၃၁။ | ဦးစိုင်းမျိုးဝင်း | ဥက္ကဋ္ဌ၊ EFD Group | |
| ၃၂။ | ဦးလှမျိုး | ဥက္ကဋ္ဌ၊ အောင်မြင်သူကုမ္ပဏီ | |
| ၃၃။ | ဦးအောင်မိုးကျော် | ဥက္ကဋ္ဌ၊ Grand Royal Group International Co., Ltd၊ The Subsidiary of Thai Beverage Public Co., Ltd | |
| ၃၄။ | ဒေါ်သီတာအေး | ဒါရိုက်တာ၊ ရှစ်သောင်းကျောက်မျက်ကုမ္ပဏီလီမိတက် | |
| ၃၅။ | ဒေါ်ဝေဝေထွေး | မန်နေဂျင်းဒါရိုက်တာ၊ အဲဗားဝင်းနားကျောက်မျက်ကုမ္ပဏီလီမိတက် | |
| ၃၆။ | ဦးအောင်ဇော်နိုင် | အမှုဆောင်အရာရှိ၊ ရွှေတောင်ကုမ္ပဏီလီမိတက် | |
| ၃၇။ | ဦးစိန်မျိုးအောင် | အမှုဆောင်ဒါရိုက်တာ၊ ငွေရည်ပုလဲကုမ္ပဏီ | |
| ၃၈။ | ဒေါ်စန်းကြူ | နာယက၊ Capital Diamond Star Foundation | |
| ၃၉။ | ဒေါ်စိုးမာလာ | ဒါရိုက်တာ၊ မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက် | |
| ၄၀။ | ဒေါ်ခိုင်နှင်းဝေ | ခိုင်နှင်းဝေဖောင်ဒေးရှင်း | |
| ၄၁။ | ဦးလှထွန်း | ငရုတ်သီးမှုန့်လုပ်ငန်းရှင် | |
| ၄၂။ | ဦးတင်လှိုင် | ဆောက်လုပ်ရေးလုပ်ငန်းရှင် | |

**လူမှုထူးချွန်တံဆိပ် (တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဦးနာဂဝံသ | ရွှေပုတီးကျောင်းဆရာတော် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဘဒ္ဒန္တဉာဏဝံသ | မြို့နယ်သံဃနာယကအဖွဲ့ဝင် | တနင်္သာရီတိုင်းဒေသကြီး |
| ၃။ | ဘဒ္ဒန္တပညာဝံသ | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးမျိုးမြင့်နိုင် | ညွှန်ကြားရေးမှူး | အလုပ်သမားဝန်ကြီးဌာန |
| ၅။ | ဦးအောင်ချမ်းငြိမ်း | ခရိုင်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆။ | ဦးအောင်ဇော်ငွေး | ဒုတိယညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၇။ | ဦးဝင်းမြင့် | လက်ထောက်အထွေထွေမန်နေဂျာ(စီမံ) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၈။ | ဒေါက်တာရဲထက် | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ | ဒေါက်တာလင်းလင်းချစ် | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀။ | ဒေါက်တာသော်တာမောင် | ဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁။ | ဒေါက်တာနန်းနီလာအောင် | ဒုတိယဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၂။ | ဒေါက်တာစိုင်းလှတင် | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါက်တာအိအိညွန့် | တွဲဖက်ပါမောက္ခ(မေ့ဆေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၄။ | ဒေါက်တာမျိုးမင်းလတ် | တွဲဖက်ပါမောက္ခ (ခွဲစိတ်ကုပညာဌာန) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၅။ | ဒေါက်တာစိုးမိုးအောင် | အထူးကုဆရာဝန်ကြီး/ တွဲဖက်ပါမောက္ခ(မေ့ဆေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၆။ | ဒေါက်တာတင်မျိုးအောင် | အထူးကုဆရာဝန်ကြီး(ခါတ်မှန်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၇။ | ဒေါက်တာအေးအေးခိုင် | အထူးကုဆရာဝန်ကြီး(မေ့ဆေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၈။ | ဗိုလ်မှူး | ဝေဖြိုးနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဗိုလ်မှူး | စိုးထွဋ်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဦးအောင်မြတ်ဦး | လက်ထောက်ညွှန်ကြားရေးမှူး | အမျိုးသားစီမံကိန်းဝန်ကြီး ဌာန |
| ၂၁။ | ဦးအောင်သူ | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၂။ | ဦးဇေထက်အောင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၃။ | ဦးမျိုးမင်းစိုး | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၄။ | ဦးနိုင်ဝင်း | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၅။ | ဦးစည်သူအောင် | မြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၆။ | ဦးအောင်ခင်ဆင့် | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၂၇။ | ဦးကျော်ဆန်း | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၂၈။ | ဦးကျော်ဆန်း | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၂၉။ | ဦးထက်အောင် | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၃၀။ | ဦးစိုးမိုးထွန်း | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၃၁။ | ဦးအောင်ကိုကိုဦး | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၃၂။ | ဦးမျိုးအောင်မြင့် | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၃၃။ | ဦးရှိုင်းဝေမိုး | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၃၄။ | ဦးအောင်ဇော်မျိုး | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၃၅။ | ဦးကျော်သူအောင် | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၃၆။ | ဦးသန့်ဇော်မျိုး | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၃၇။ | ဦးစိုးမင်းထွန်း | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၃၈။ | ဦးဝင်းကျော် | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၃၉။ | ဦးအောင်ကျော်ကျော် | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၄၀။ | ဦးသန်းစိုး | လက်ထောက်ညွှန်ကြားရေးမှူး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၄၁။ | ဒေါက်တာသန့်ဇင်လင်း | လက်ထောက်ညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၂။ | ဒေါက်တာသော်တာထက် | ဒုတိယခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး(ရောဂါနှိမ်နင်းရေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၃။ | ဒေါက်တာ အောင်အောင်ဖြိုးဝေမြင့် | ကထိက (အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၄။ | ဒေါက်တာချောစုစုခိုင် | အထူးကုဆရာဝန်(အရေးပေါ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၅။ | ဒေါက်တာ ပြည့်ဖြိုးမောင်မောင် | အထူးကုဆရာဝန်(ခွဲစိတ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၆။ | ဒေါက်တာစိုးမင်းထွဋ် | အထူးကုဆရာဝန်(ခွဲစိတ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၇။ | ဒေါက်တာဝင်းသူရထွန်း | အထူးကုဆရာဝန် (ဆီးနှင့်ကျောက်ကပ်ခွဲစိတ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၈။ | ဒေါက်တာဇင်ကိုကိုဦး | အထူးကုဆရာဝန်(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၄၉။ | ဒေါက်တာစိုပြေခင် | အထူးကုဆရာဝန်(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅၀။ | ဒေါက်တာထူးလွင်ဖြိုး | အထူးကုဆရာဝန်(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅၁။ | ဒေါ်ယုယုခိုင် | လက်ထောက်ညွှန်ကြားရေးမှူး(ဓာတ်ခွဲ) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅၂။ | ဦးစန်းကျော် | လက်ထောက်ညွှန်ကြားရေးမှူး | စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ |
| ၅၃။ | ဒေါ်ဟန်နီအောင် | လက်ထောက်ညွှန်ကြားရေးမှူး | စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ |
| ၅၄။ | ဒေါ်ညိုညိုဆွေ | အင်ဂျင်နီယာမှူး | စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ |
| ၅၅။ | ဦးဇေယျာငြိမ်း | ဌာနခွဲမှူး (လက်ထောက်ညွှန်ကြားရေးမှူး) | မန္တလေးတိုင်းဒေသကြီး |
| ၅၆။ | ဗိုလ်ကြီး | ပြည့်ဖြိုးမောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၇။ | ဗိုလ်ကြီး | တင်မျိုးအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၈။ | ဗိုလ်ကြီး | ဇော်ဝင်းထွေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၉။ | ဗိုလ်ကြီး | သော်ဇင်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၀။ | ဦးနိုင်လင်းထွန်း | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၁။ | ဦးစန်းထွန်းလင်း | ဦးစီးအရာရှိ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၂။ | ဦးသိန်းတိုးဝင်း | ဦးစီးအရာရှိ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၃။ | ဦးဆလိုင်းတင့်နိုင်ဝင်း | ဦးစီးအရာရှိ | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၄။ | ဦးစိုးမြင့်ထွန်း | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၆၅။ | ဦးမျိုးမင်းဇော် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၆၆။ | ဦးဇော်မျိုးထက် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၆၇။ | ဦးဝင်းဝင်းထွန်း | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၆၈။ | ဒေါ်လွင်လွင်သူ | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၆၉။ | ဦးတင်မောင်လှ | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၇၀။ | ဦးဝင်းမင်းထွန်း | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၇၁။ | ဦးသန့်ဇင်အောင် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၇၂။ | ဦးညီညီဝင်း | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၇၃။ | ဦးဟိန်းအောင်ကျော် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၇၄။ | ဦးကျော်ခိုင်စိုး | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၇၅။ | ဦးသိန်းနိုင် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၇၆။ | ဦးဇော်မြင့်သိန်း | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၇၇။ | ဦးအောင်ရဲကျော် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၇၈။ | ဦးညွန့်ဝင်းအောင် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၇၉။ | ဦးမင်းမင်းစိုး | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၈၀။ | ဦးသူရလင်း | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၈၁။ | ဦးတေဇာငြိမ်းအောင် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၈၂။ | ဦးကျော်စွာမင်း | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၈၃။ | ဦးအောင်မျိုးထက် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၈၄။ | ဦးနိုင်မိုး | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၈၅။ | ဦးငြိမ်းချမ်းအောင် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၈၆။ | ဦးအောင်မင်းကျော် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၈၇။ | ဦးယုလွင် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၈၈။ | ဦးကျော်ထူးချွန်ဝင်း | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၈၉။ | ဦးထွန်းထွန်းဇော် | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၉၀။ | ဦးဇော်လွင် | ဦးစီးအရာရှိ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၉၁။ | ဦးသက်ထွန်းကျော် | လက်ထောက်အင်ဂျင်နီယာ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၉၂။ | ဦးကျော်ထက်နိုင် | ဦးစီးအရာရှိ | အလုပ်သမားဝန်ကြီးဌာန |
| ၉၃။ | ဒေါက်တာမြင့်မြတ်ငြိမ်း | လက်ထောက်ဆရာဝန်(အရေးပေါ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၉၄။ | ဒေါက်တာဆက်ဆက်မော် | လက်ထောက်ဆရာဝန်(အရေးပေါ်) | ကျန်းမာရေးဝန်ကြီးဌာန |

စာမျက်နှာ ၈ သို့ ★

★ စာမျက်နှာ ၇ မှ

| | | | |
|---|---|---|---|
| ၉၅။ | ဒေါက်တာဇေယျာမင်း | လက်ထောက်ဆရာဝန် | ကျန်းမာရေးဝန်ကြီးဌာန |
| ၉၆။ | ဒေါက်တာအိအိကျော် | လက်ထောက်ဆရာဝန်(အရေးပေါ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၉၇။ | ဒေါက်တာပွင့်အိဖြူ | လက်ထောက်ဆရာဝန်(အရေးပေါ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၉၈။ | ဒေါက်တာ အောင်ကျော်ထက် | လက်ထောက်ဆရာဝန် | ကျန်းမာရေးဝန်ကြီးဌာန |
| ၉၉။ | ဒေါက်တာဖြူစင်ညီညီ | လက်ထောက်ဆရာဝန်(မေ့ဆေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၀။ | ဒေါက်တာခိုင်ဆွေဦး | လက်ထောက်ဆရာဝန်(ခွဲစိတ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၁။ | ဒေါက်တာစိုးလွင်ထက် | လက်ထောက်ဆရာဝန် (ဆီးနှင့်ကျောက်ကပ်ခွဲစိတ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၂။ | ဒေါက်တာချမ်းမြေ့လွင်ဦး | လက်ထောက်ဆရာဝန်(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၃။ | ဒေါက်တာ ကောင်းထက်ဇင် | လက်ထောက်ဆရာဝန်(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၄။ | ဒေါက်တာနေထွေး | လက်ထောက်ဆရာဝန်(အရိုး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၅။ | ဒေါက်တာ ဟိန်းထက်ကျော် | လက်ထောက်ဆရာဝန် (မေ့ဆေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၆။ | ဦးကံထွန်းမြတ် | ဦးစီးအရာရှိ(ကျန်းမာပညာ) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၇။ | ဒေါ်မော်သန်းထွေး | တာဝန်ခံသူနာပြုဆရာမကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၈။ | ဒေါ်ခင်လေးမြင့် | သူနာပြုအုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၉။ | ဒေါ်ချယ်ရီ | သူနာပြုအုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁၀။ | ဒေါ်သန်းသန်းငွေ | သူနာပြုအုပ် (အရိုးရောဂါအထူးကုဆေးရုံကြီး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁၁။ | ဒေါ်မြသီတာလွင် | သူနာပြုအုပ် (ကလေးရောဂါအထူးကုဆေးရုံကြီး) | ကျန်းမာရေးဝန်ကြီးဌာန |
> ❝ ဒီအတွက်လည်း BBC အကြီးအကဲတွေက သမ္မတထရမ့်ကို တောင်းပန်ခဲ့ရတယ်။ သူတို့ရဲ့ ဘက်လိုက်ဖော်ပြချက်အတွက် BBC သတင်းဌာနကို သမ္မတထရမ့်က ဒေါ်လာတစ်ဘီလီယံ ရလိုမှုနဲ့ တရားစွဲမယ်ဆိုပြီး ခြိမ်းခြောက်စာတစ်စောင် ပေးပို့ထားတယ်လို့လည်း သတင်းတွေမှာ ဖတ်ရပါတယ်။ သတင်းမီဒီယာကျင့်ဝတ်ရှိရတယ်ဆိုတာကို ဒီလိုသက်ရင့်ဝါရင့် အကြီးအကဲတွေအနေနဲ့ ဘာကြောင့် သတိမထားမိခဲ့ကြပါသလဲ၊ သတိမထားမိလောက်အောင်ဖြစ်ခဲ့ကြတဲ့ အကြောင်းတရားတွေကို သံဝေဂယူ ဆင်ခြင်ရမှာဖြစ်ပါတယ်။ အဂတိတရားတွေက သူတို့ကို ဘယ်လောက်တောင် အမှောင်ဖုံးခဲ့ကြသလဲ။ နိုင်ငံရေးအာဃာတတွေက သူတို့မျက်စိတွေကို ကန်းသွားစေခဲ့တယ်၊ ဘက်မလိုက်ရမှာကို ဘက်လိုက်ခဲ့ကြတယ်၊ ထရမ့်ကို ဆန့်ကျင်ပြီး ဘိုင်ဒင်ဘက်ကို အားပေးခဲ့ကြတယ်၊ ရီပတ်ဘလစ်ကန်တွေနေရာမှာ ဒီမိုကရက်တွေကို အစားထိုးချင်ပုံရတယ်။ ပုဂ္ဂိုလ်အစွဲနဲ့ ဘက်လိုက်မှန်း အလွန်သိသာခဲ့ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့သတင်းဌာနကြီးတစ်ခုအနေနဲ့ ယခုအချိန်မှာ ကမ္ဘာ့ပြည်သူတွေရဲ့ယုံကြည်မှုကို ဆုံးရှုံးလိုက်ရတယ်။ ကျွန်တော်တို့မြန်မာပြည်သူတွေအနေနဲ့ကတော့ အတွေ့အကြုံတွေအပေါ်မှာအခြေခံပြီး သင်ခန်းစာတွေရခဲ့ကြပြီးဖြစ်လို့ ပညာသိနောက်မှာ ပယောဂကင်းစွာနဲ့ အမှန်မြင်ကြရန်သာလိုပါတယ် ❞

## BBC ထိပ်သီးနှစ်ဦးနုတ်ထွက်မှုကနေ

ယနေ့ခေတ်မှာ သတင်းတု fake news၊ သတင်းမှား misinformations နဲ့ လုပ်ကြံသတင်း disinformations တွေရဲ့ ထိုးနှက်မှုဒဏ်ကို နိုင်ငံအတော်များများဟာ ပြင်းပြင်းထန်ထန် ခံစားကြရပါတယ်။ မိမိနိုင်ငံအတွင်းထဲအထိ စိမ့်ဝင်ဖျက်ဆီးပျက်စီးမှုအကြောင်းတရားများစွာမှာ မီဒီယာဖိအားက တစ်ခုအပါအဝင်ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ BBC, VOA, RFA, DVB စတဲ့ မီဒီယာတွေရဲ့ ထိုးနှက်တိုက်ခိုက်မှုဒဏ်ကို ခံစားခဲ့ရတာ နှစ်ပေါင်းများစွာရှိခဲ့ပါပြီ။ ယခုတော့ အမေရိကန်အလှည့်ဖြစ်သွားပါပြီ။ အမှန်က BBC ဟာ တစ်ကမ္ဘာလုံးကို ဂြိုဟ်မွှေနေခဲ့တာပါ။ ယခုအချိန်မှာတော့ မြန်မာပြည်သူတွေအနေနဲ့ BBC ရဲ့ အတွင်းသရုပ်မှန်ကို ပိုပြီး သိသင့်ပါတယ်။ အချက်ပေးခေါင်းလောင်းသံအဖြစ် ဒီအသံကို ပိုပြီးကြားစေချင်ပါတယ်။

အဖြစ်အပျက်ကတော့ ယခုရက်ပိုင်းအတွင်း ထွက်ပေါ်လာတဲ့ သတင်းတွေကြောင့်ပါ။ BBC ရဲ့ ထိပ်ပိုင်းခေါင်းဆောင်နှစ်ဦးဖြစ်တဲ့ ညွှန်ကြားရေးမှူးချုပ် Tim Davie နဲ့ သတင်းဆိုင်ရာ CEO Deborah Turness တို့ဟာ သတင်းတင်ဆက်ရာမှာ အဂတိအမှားတွေ ရှိခဲ့တဲ့အတွက် တာဝန်ယူနုတ်ထွက်လိုက်ရပြီဆိုတဲ့အကြောင်းပါ။ သူတို့တွေ ဦးဆောင်တဲ့ BBC ဟာ တစ်ကမ္ဘာလုံးကို အထင်အမြင်မှားအောင် မျက်လှည့်ပြခဲ့ကြပါတယ်။ ၂၀၂၁ ခုနှစ်က US ကယ်ပီတယ်မှာ ဆူပူဆန္ဒပြမှုတွေမဖြစ်ပွားခင် ထရမ့်ပြောတဲ့စကားတွေထဲက လိုသလို ဖြတ်၊ ညှပ်၊ ကပ်နဲ့ တည်းဖြတ်ပြီး လွှတ်တော်စီးနင်းမှုက သမ္မတထရမ့်ရဲ့လှုံ့ဆော်မှုကြောင့် ဖြစ်ရကြောင်း ထုတ်လွှင့်ခဲ့ကြတယ်။ အမှန်ကိုအမှား၊ အမှားကို အမှန်လုပ်ခဲ့ကြခြင်းဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

မီဒီယာတွေဟာ အများပြည်သူကို ဘယ်လိုများ လှည့်စားတတ်ကြပါသလဲ။ ယခင်က ဖြတ်၊ ညှပ်၊ ကပ် ကနေ ယနေ့ AI ကိုပါ အသုံးပြုပြီး ယုတ်ယုတ်မာမာ အသုံးချနေကြပါပြီ။ သတင်းအချက်အလက်ကို လိုသလိုဖြတ်တောက်မယ်၊ ကိုယ်လိုချင်တဲ့အပိုင်းအစကိုယူမယ်။ သတင်းတု၊ သတင်းမှားအဖြစ် ပုံသွင်းမယ်။ သတင်းတွေကို AI နဲ့ပြင်ယူမယ်။ သူတို့ပစ်မှတ်က ခံစားလွယ်ပြီး အကဲဆတ်တဲ့အုပ်စုတွေ ဖြစ်မယ်။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အထင်လွဲအောင် ဝါဒဖြန့်မယ်၊ သွေးခွဲမယ်၊ တစ်စိတ်ကို တစ်အိတ်လုပ်မယ်။ လစ်ဘရယ်အယူနဲ့အတူ ယဉ်ကျေးမှု၊ ပညာရေးနဲ့ ဘာသာတရားကို ဖျက်ဆီးပစ်မယ်ဆိုတဲ့ စိတ်ခေတ် စစ်ဆင်ရေးအထိပါပဲ။

> ❝ ဒီနေရာမှာ မီဒီယာဆိုတာနဲ့ BBC တစ်ခုတည်းကို ဆိုလိုနေတာမဟုတ်ပါဘူး။ မြန်မာနိုင်ငံကို ဒုက္ခပေးနေတဲ့ မီဒီယာတွေမှာ BBC အပြင် ပြင်ပက VOA, RFA, DVB တို့လည်း ပါပါတယ်။ အတွင်းကဆိုရင် အဆင့်အတန်းနိမ့်လွန်းလှတဲ့ ခေတ်သစ်၊ မဇ္ဈိမ၊ မြန်မာနောင်း၊ ရောဝတီသတင်းဌာနတို့လိုပေးတာယူ၊ ကျွေးတာစား၊ ခိုင်းတာလုပ် အဆင့်ထက်မပိုတဲ့ ပုလင်းတူဘူးဆို့ မီဒီယာတွေပါပါတယ်။ အားလုံးဟာ မြန်မာနိုင်ငံအတွက် အဖျက်သက်သက် အပျက်သဘောချည်းပါပဲ။ အထူးသဖြင့် ပြည်တွင်းသတင်းဌာနတွေဟာ နိုင်ငံရေးအကျိုးအမြတ် ထင်ပေါ်လိုမှုတင်မက ငွေကြေးအမြတ်အစွန်းအထိ အရှက်တရားမရှိ ကျင့်ဝတ်သိက္ခာမဲ့လွန်းလှကြောင်း တွေ့ရပါတယ် ❞

## ဘာကြောင့် ဘက်လိုက်ခဲ့ကြပါသလဲ

ဒီအတွက်လည်း BBC အကြီးအကဲတွေက သမ္မတထရမ့်ကို တောင်းပန်ခဲ့ရတယ်။ သူတို့ရဲ့ ဘက်လိုက်ဖော်ပြချက်အတွက် BBC သတင်းဌာနကို သမ္မတထရမ့်က ဒေါ်လာတစ်ဘီလီယံ ရလိုမှုနဲ့ တရားစွဲမယ်ဆိုပြီး ခြိမ်းခြောက်စာတစ်စောင် ပေးပို့ထားတယ်လို့လည်း သတင်းတွေမှာ ဖတ်ရပါတယ်။ သတင်းမီဒီယာကျင့်ဝတ် ရှိရတယ်ဆိုတာကို ဒီလိုသက်ရင့်ဝါရင့် အကြီးအကဲတွေအနေနဲ့ ဘာကြောင့် သတိမထားမိခဲ့ကြပါသလဲ၊ သတိမထားမိလောက်အောင်ဖြစ်ခဲ့ကြတဲ့ အကြောင်းတရားတွေကို သံဝေဂယူ ဆင်ခြင်ရမှာ ဖြစ်ပါတယ်။ အဂတိတရားတွေက သူတို့ကို ဘယ်လောက်တောင် အမှောင်ဖုံးခဲ့ကြသလဲ။ နိုင်ငံရေးအာဃာတတွေက သူတို့မျက်စိတွေကို ကန်းသွားစေခဲ့တယ်၊ ဘက်မလိုက်ရမှာကို ဘက်လိုက်ခဲ့ကြတယ်၊ ထရမ့်ကို ဆန့်ကျင်ပြီး ဘိုင်ဒင်ဘက်ကို အားပေးခဲ့ကြတယ်၊ ရီပတ်ဘလစ်ကန်တွေနေရာမှာ ဒီမိုကရက်တွေကို အစားထိုးချင်ပုံရတယ်။ ပုဂ္ဂိုလ်အစွဲနဲ့ ဘက်လိုက်မှန်း အလွန်သိသာခဲ့ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့သတင်းဌာနကြီးတစ်ခုအနေနဲ့ ယခုအချိန်မှာ ကမ္ဘာ့ပြည်သူတွေရဲ့ ယုံကြည်မှုကို ဆုံးရှုံးလိုက်ရတယ်။ ကျွန်တော်တို့ မြန်မာပြည်သူတွေအနေနဲ့ကတော့ အတွေ့အကြုံတွေအပေါ်မှာ အခြေခံပြီး သင်ခန်းစာတွေ ရခဲ့ကြပြီးဖြစ်လို့ ပညာသိနောက်မှာ ပယောဂကင်းစွာနဲ့ အမှန်မြင်ကြရန်သာ လိုပါတယ်။

## နိုင်ငံ့အတွေ့အကြုံနှင့်အတူ

အခုလို အဖြစ်အပျက်တွေက ကမ္ဘာတစ်လွှားကျော်ကြားလှတဲ့ သတင်းဌာနကြီးတစ်ခုအတွက် ဖြစ်သင့်ပါရဲ့လား။ မြန်မာနိုင်ငံအနေနဲ့က နှစ်ပေါင်းများစွာကတည်းက တစ်သက်လုံး မုသားတွေနဲ့ပြည့်နေတဲ့ ထွင်လုံးဖြီးလုံးတွေနဲ့ BBC ကို မိုးလုံးပြည့် မုသာဝါဒီအဖြစ် ယခင်ကတည်းက တံဆိပ်တပ်ခဲ့တာပါ။ "BBC ညာနေသည်၊ VOA လိမ်နေသည်၊ RFA ရန်တိုက်ပေးနေသည်၊ မိုးလုံးပြည့် မုသာဝါဒီ၊ လေလှိုင်းပေါ်က လူသတ်သမားများ" စတဲ့ Slogan ဟာ ထိုစဉ်က အလကားမဟုတ်ခဲ့ပါ၊ အမှန်တရားတစ်ခုပါ။ တစ်ကမ္ဘာလုံးကိုပတ်ပြီး ဒုက္ခပေးနေတဲ့၊ သွေးထိုးလှုံ့ဆော်နေတဲ့ သတင်းဌာနကြီးအဖြစ် ကမ္ဘာကြီးက အခုမှသာ ထင်ထင်ရှားရှား သိရတာပါ။ သူတို့လို သတင်းဌာနတွေဟာ အမှန်တရားဘက်က ဘယ်တုန်းကမှ မရပ်တည်ခဲ့ကြကြောင်း မြန်မာပြည်သူတွေကိုယ်တိုင်က သိနေတာကြာခဲ့ပါပြီ။

BBC ဟာ အမှားတွေအောက်မှာ အကြမ်းဖက်တွေအတွက် အကွယ်အကာသက်သက် ဖြစ်ခဲ့တယ်။ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေအတွက်တော့ BBC နဲ့ပတ်သက်ရင် အလွန်နာကြည်းဖွယ်အဖြစ်အပျက်များစွာ ယနေ့တိုင်ရှိဆဲပါ။ ၁၉၈၈ အရေးအခင်းမှာ BBC စနက်တံက မီးပွားတစ်ခုဖြစ်ခဲ့တယ်။ ထိုအချိန် ထိုကာလမှာ BBC သတင်းထောက် ခရစ်စတိုဖာဂဲနက်စ်နဲ့ သပိတ်ကျောင်းသားတွေပေါင်းပြီး ကျောင်းသူတစ်ဦးကို လုံထိန်းတွေက မတရားပြုကျင့်ကြကြောင်း ယုတ္တိရှိရှိ လိမ်ညာဇာတ်တိုက်ပြီး အင်တာဗျူးခဲ့ကြဖူးတယ်။

အဲဒီအင်တာဗျူးကြောင့်ပဲ ကျောင်းသားတွေ သွေးဆူပြီး ဆူပူဆန္ဒပြမှုဟာ ပိုမိုပြင်းထန်သွားခဲ့ရပါတယ်။ နောက်ဆုံး တပ်မတော်က အာဏာသိမ်းခဲ့ရတဲ့အခြေအနေအထိ ရောက်ခဲ့ရပါတယ်။ နောက်ပိုင်းကာလမှာ ထိုကျောင်းသူကပဲ သူကိုယ်တိုင် BBC နဲ့ ကျောင်းသားတွေပေါင်းပြီး လုပ်ကြံခဲ့ကြခြင်းဖြစ်ကြောင်း ဝန်ခံခဲ့တဲ့ အထောက်အထားတွေ ရှိခဲ့တယ်။ ထို့အပြင် သတင်းထောက်ဂဲနက်စ်ကိုယ်တိုင်က ထိုလုပ်ကြံဇာတ်လမ်းကနေ လူထုအုံကြွမှုဖြစ်အောင် ကိုယ်တိုင်လုပ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဝန်ခံခဲ့ကြောင်းကို မှတ်သားမိခဲ့ဖူးတယ်။ ဒါတွေက ကျွန်တော်တို့ကိုယ်တိုင် အသိမှား၊ အမြင်မှားနဲ့ ကိုယ်တိုင် ဂျင်းထည့်ခံခဲ့ကြရတဲ့ ဥပမာများထဲက တစ်ခုပါ။ BBC ဟာ လူတွေကို ထင်ယောင်ထင်မှား၊ အမြင်မှားအောင် သိမ်းသွင်းရာမှာ အလွန်တော်ပါပေတယ်။ BBC ကြောင့် မြန်မာပြည်သူတွေ သွေးကွဲခဲ့ရတယ်။ လူငယ်တွေကို လမ်းမှားတွန်းပို့ပြီး အကြမ်းဖက်ဘဝ ရောက်စေခဲ့တယ်။ လူအမြောက်အမြား သေကျေပျက်စီးခဲ့ရပြီး နိုင်ငံပါ သွက်သွက်ခါသွားခဲ့ရတဲ့အထိ ဖြစ်ခဲ့ရတယ်။

ဒီနေရာမှာ မီဒီယာဆိုတာနဲ့ BBC တစ်ခုတည်းကို ဆိုလိုနေတာမဟုတ်ပါဘူး။ မြန်မာနိုင်ငံကို ဒုက္ခပေးနေတဲ့ မီဒီယာတွေမှာ BBC အပြင် ပြင်ပက VOA, RFA, DVB တို့လည်း ပါပါတယ်။ အတွင်းကဆိုရင် အဆင့်အတန်းနိမ့်လွန်းလှတဲ့ ခေတ်သစ်၊ မဇ္ဈိမ၊ မြန်မာနောင်း၊ ရောဝတီသတင်းဌာနတို့လိုပေးတာယူ၊ ကျွေးတာစား၊ ခိုင်းတာလုပ် အဆင့်ထက်မပိုတဲ့ ပုလင်းတူဘူးဆို့ မီဒီယာတွေပါ ပါတယ်။ အားလုံးဟာ မြန်မာနိုင်ငံအတွက် အဖျက်သက်သက် အပျက်သဘောချည်းပါပဲ။ အထူးသဖြင့် ပြည်တွင်းသတင်းဌာနတွေဟာ နိုင်ငံရေးအကျိုးအမြတ် ထင်ပေါ်လိုမှုတင်မက ငွေကြေးအမြတ်အစွန်းအထိ အရှက်တရားမရှိ ကျင့်ဝတ်သိက္ခာမဲ့လွန်းလှကြောင်း တွေ့ရပါတယ်။

စာမျက်နှာ ၁၅ သို့ ○

# (၁၀၅) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ မင်္ဂလာဘွဲ့တော်များ ဆက်ကပ်ချီးမြှင့်ခြင်းပွဲနှင့် (၃၈) ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) (ဗဟို)အသင်းကြီးက ကြီးမှူးပြုလုပ်သည့် (၁၀၅) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ မင်္ဂလာဘွဲ့တော်များ ဆက်ကပ်ချီးမြှင့်ခြင်းပွဲနှင့် (၃၈) ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကုန်းမြင့်သာရှိ ဇေယျာသီရိခန်းမ၌ ယနေ့တွင် ကျင်းပသည်။




ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီးနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သောအမျိုးသားနေ့သဝဏ်လွှာကို YMBA အသင်းနာယကကြီး ဦးစိန်သန်းက ဖတ်ကြားသည်။

ဆက်လက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) (ဗဟို) ဥက္ကဋ္ဌ ဦးရဲထွန်းက မင်္ဂလ ဆိုင်ရာစာမေးပွဲပြုလုပ်ခြင်းနှင့်ဆုချီးမြှင့်ခြင်း သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီးနောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းအား ဂုဏ်ပြုရေးသားသော ထပ်တွန့်ရှစ်ဆယ်ပေါ်တေးထပ်ဖြင့် တေးသံရှင် သုသုသံသာအောင်က ဂုဏ်ပြုသီဆိုသည်။

ယင်းနောက်သံဃာတော်အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းနှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်များပေးအပ်ချီးမြှင့်ခြင်းကို ဆက်လက်ပြုလုပ်ရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ် ၂၉ ပါးအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းနှင့် လူပုဂ္ဂိုလ် ၃၉ ဦးတို့အား ဘွဲ့တံဆိပ်များပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပြီးနောက် အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ရိုးရာယဉ်ကျေးမှုဖျော်ဖြေရေးအဖွဲ့များအား ဦးရဲထွန်းနှင့် တာဝန်ရှိသူများက ဆုငွေများချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ကျိုက်ထီးဆောင်းဆရာတော်ကြီးက ဗုဒ္ဓဘာသာကလျာဏယုဝအသင်းထံသို့ အလှူငွေကျပ် သိန်း ၁၀၀ ကိုပေးအပ်လှူဒါန်းရာ YMBA အသင်းဥက္ကဋ္ဌ ဦးရဲထွန်းက လက်ခံရယူပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ ဗဟိုထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် တာဝန်ရှိသူများသည် ဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းခံရသည့် လူပုဂ္ဂိုလ်များ၊ တိုင်းရင်းသားရိုးရာ ဖျော်ဖြေရေးအဖွဲ့များနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လပွတ္တာမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

လပွတ္တာ နိုဝင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် မြို့မ(၁)မိုင်ရှမ်းစုကျေးရွာတွင် ယမန်နေ့နံနက်ပိုင်းက မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် ဆီထွက်သီးနှံ နေကြာ၊ ပဲပုပ်မျိုးစေ့ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးလွင်ကိုဦးက အမှာစကားပြောကြားသည်။ထို့နောက် ဆီထွက်သီးနှံနေကြာမျိုး စူပါဆန်း ၄၁၊ ရေဆင်းစပ်မျိုး ၁၊ ဆင်းရွှေကြာ ၂ နှင့် ဆီပဲပုပ် ရေဆင်း ၁၅ မျိုးစေ့များကို တာဝန်ရှိသူများက တောင်သူများထံသို့ ပေးအပ်သည်။ ထို့နောက် တောင်သူဒေါ်စိမ်းတင်၏ လယ်မြေ ၁၀ ဧကတွင် မိုးစပါးမျိုး AGT 303 စံကွက်



ရိတ်သိမ်းရာ တစ်ဧက အစိုအထွက်နှုန်းတင်း ၁၆၁ ဒသမ ၅၂ တင်းနှုန်း၊ အခြောက် အထွက်နှုန်း တင်း ၁၄၇ ဒသမ ၃၅ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့၌ တိုက်ရိုက် အစေ့ချကိရိယာ၊ မျိုးစေ့နှင့် ဓာတ်မြေသြဇာများ ပေးအပ်

ကျောင်းကုန်း နိုဝင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာ နည်းပညာပြန့်ပွားရေးစင်တာ၌ ဆီထွက်သီးနှံ (နေကြာ၊ ပဲပုပ်) မျိုးစေ့များ၊ တိုက်ရိုက်အစေ့ချကိရိယာနှင့် နိုင်ငံ့စီးပွား မြှင့်တင်ရေးနှင့် အကျုံးမဝင်သည့် တောင်သူများအား ဓာတ်မြေသြဇာပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ညပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး ဒေသခံတောင်သူများအား ဆီထွက်သီးနှံ(နေကြာ၊ ပဲပုပ်)မျိုးစေ့များ၊ တိုက်ရိုက်အစေ့ချကိရိယာနှင့် ဓာတ်မြေသြဇာများ ပေးအပ်ခဲ့ကြသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# မြို့နယ်သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်စည်းဝေး



ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ ( အနောက်ပိုင်း) မြို့နယ် မြို့နယ်သမဝါယမအသင်းစုလီမိတက်( ၂၀၂၄ -၂၀၂၅ ) ဘဏ္ဍာနှစ်အတွက် ကျင်းပသည့် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်ကလှိုင်သာယာ ( အနောက်ပိုင်း) မြို့နယ် အမှတ် ( ၉ )ရပ်ကွက်မြို့နယ် သမဝါယမအသင်းလီမိတက်အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

ဦးစွာသမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမြင့်သန်းက အမှာစကား ပြောကြားပြီး သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် (၂၀၂၄- ၂၀၂၅)ဘဏ္ဍာနှစ် အစုအမြတ်ငွေများနှင့် စရိတ်ချီးမြှင့်ငွေများပေးအပ်ပြီး ပူပေါင်းဆောင်ရွက်မှုဂုဏ်ပြုလွှာများ ကိုပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်သန်း(ပြန်/ဆက်)**

❍ စာမျက်နှာ ၁၄ မှ

ယနေ့ အမေရိကန်နိုင်ငံရေးလောကကို ကြည့်ရင် BBC လို သတင်းဌာနတွေဟာ ဘယ်လောက်တောင် အဖျက်အမှောင့်လုပ်ခဲ့ကြပါသလဲ။ အမှန်တရားအတွက်ဆိုရင်လည်း ဘာကြောင့် တွန့်ဆုတ်ခဲ့ကြပါသလဲ။ မြန်မာ့ရေးရာနဲ့ပတ်သက်ရင် BBC အပါအဝင် သတင်းဌာနတွေဟာ သူတို့လိုရာကိုသာ ဇောင်းပေးဖော်ပြလေ့ရှိကြတယ်။ မီဒီယာတွေပေါ် မရောက်တဲ့ အမှန်တရားတွေ၊နိုင်ငံတည်ဆောက်ရေးဆိုင်ရာ အပြုသဘော သတင်းအချက်အလက်တွေများစွာရှိပေမယ့် သူတို့ မဖော်ပြဝံ့ခဲ့ပါဘူး။ နိုင်ငံတော်အစိုးရရဲ့ ဆန့်ကျင်ဘက်အဖွဲ့တွေရဲ့ အမှားအယွင်းတွေကိုလည်း မထောက်ပြဝံ့ခဲ့ကြပါဘူး။ ယခု BBC နဲ့ပတ်သက်တဲ့ အရှုပ်အရှင်း သတင်းအချက်အလက်ကိုတောင် အင်တာနက်စာမျက်နှာတွေမှာ ပြည့်ပြည့်စုံစုံ ဖော်ပြထားတာ မတွေ့ရပါဘူး။

**ဒီလိုအနေအထားကို အမေရိကန်နိုင်ငံရေးလောကမှာ မကြာမကြာ တွေ့ရလေ့ရှိတယ်။ ဥပမာဆိုပါစို့.. အမေရိကန်သမ္မတထရမ့်ကို ရုရှားနိုင်ငံက ထိန်းချုပ်ထားတယ်ဆိုတဲ့သတင်းကို မီဒီယာတွေမှာ ဖော်ပြလေ့ရှိပေမယ့် ဟီလာရီကလင်တန်တစ်ယောက် အရှေ့အလယ်ပိုင်းက အကြမ်းဖက်တွေနဲ့ ၂၀၂၁ ခုနှစ်အတွင်း အီဂျစ်မှာ တွေ့ဆုံခဲ့ပြီး အကြမ်းဖက်တွေနဲ့ပတ်သက်ခဲ့ပုံနဲ့ အကြမ်းဖက်တွေရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိခဲ့တဲ့ပုံရိပ်ကိုတော့ အမေရိကန်မီဒီယာတွေမှာ ဖော်ပြထားတာ မရှိခဲ့ကြောင်း သတိထားမိပါတယ်။ သေချာတာကတော့ အမေရိကန် CIA နဲ့ အယ်လ်ခိုင်ဒါလို အကြမ်းဖက်တွေ အဆက်အသွယ်ရှိခဲ့ခြင်းကတော့ အမှန်အကန်ပါ။ ယနေ့အစွန်းရောက် ဘာသာရေးမှိုင်းတိုက်တဲ့ လှုပ်ရှားမှုကြီးရဲ့ နောက်ကွယ်မှာ အမေရိကန် CIA ရှိနေပါတယ်၊ BBC လို သတင်းဌာနတွေနဲ့ ပတ်သက်မှုရှိတယ်လို့ ဆိုလာရင်လည်း ငြင်းဖို့ရန် အထောက်အထား ရှိမှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် လစ်ဘရယ်ဆန်လွန်းတဲ့ BBC ဟာ OIC ရဲ့ လက်ဝေခံ ရုပ်သေးရုပ်အဖြစ် ဝေဖန်မှုတွေ ရှိနေလို့ပါပဲ။ ဒီလိုပဲ အဖြေထွက်ပါတယ်။**

အချုပ်အားဖြင့်တော့ ဘယ်လိုအနေအထားမှာဖြစ်ဖြစ် မီဒီယာအမျိုးမျိုး၊ ပါတီအဖွဲ့အစည်းအသီးသီးမှာ နောက်ခံတွေ၊ ပံ့ပိုးမှုတွေ၊ ကူညီသူတွေဆိုတာ ရှိတတ်ကြတာ သဘာဝပါ။ ဘက်လိုက်မှုမကင်းနိုင်တာလည်းသဘာဝပါ။ သတိထားရမှာက အဲဒီနောက်ခံတွေရဲ့ လက်ဝေခံမဖြစ်ဖို့၊ ကြိုးဆွဲရာရုပ်သေးရုပ်မဖြစ်ဖို့၊ ခိုင်းဖတ်ကျွန်ဖြစ်မသွားဖို့ အရေးကြီးတာတစ်ခုပါပဲ။ ဘက်လိုက်မှုမကင်းနိုင်ရင်တောင် မယုတ်မာမိဖို့ လိုပါတယ်။ တာဝန်ယူ တာဝန်ခံမှုရှိဖို့ လိုပါတယ်။ နိုင်ငံနဲ့ပြည်သူ အကျိုးစီးပွားကနေ မသွေဖည်ဖို့လိုပါတယ်။ ဖော်ပြပါမကောင်းတဲ့အချက်တွေနဲ့ အစွန်းရောက်သွားခဲ့ရင် မိမိရဲ့ မီဒီယာသတင်းဌာနတစ်ခုဟာ ပြည်သူလူထုရဲ့ယုံကြည်မှုကို ဆုံးရှုံးသွားနိုင်ကြောင်းကို သတိချပ်ရပါမယ်။ ထို့အတွက် သတိဉာဏ်ပညာနဲ့ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ဆက်စပ်သုံးသပ်နိုင်စွမ်းဆိုတဲ့ ပညာကိုယ်ခံအားက အလွန်အရေးကြီးပါတယ်။

ပညာကိုယ်ခံအားကသာ ဖောက်ပြန်တဲ့မီဒီယာတွေရဲ့ထိန်းချုပ်မခံရအောင် ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ မီဒီယာတွေအနေနဲ့ ဉာဏ်အားအရေးကြီးသလို ငွေနဲ့ခင်းတဲ့လမ်းအမှား မလျှောက်မိစေဖို့လည်း လိုပါတယ်။ အများစု ဒုက္ခရောက်အောင်လုပ်ပြီး မိမိတစ်ဦးတည်း ကောင်းစားရေးကြည့်တဲ့ ယနေ့ အဖျက်အမှောင့်မီဒီယာတွေကို မြင်ရကြားရတာလည်း အလွန်အော့နှလုံးနာစရာ ကောင်းလွန်းနေပါတယ်။ အကုသိုလ်လည်းကြီးလှတယ်။ တစ်ဦးချင်းကိုလိမ်တာထက် လူများစွာကို နိုင်ငံပတ်၊ ကမ္ဘာပတ်လိမ်ခြင်းက လူ့အဖွဲ့အစည်းကြီးထိ ပျက်စီးဒုက္ခရောက်စေတဲ့ အကုသိုလ်ထက်ကြီးတဲ့ အကုသိုလ်မရှိပါဘူး။

ဆင်ခြင်ရမှာက ယနေ့ ဖြစ်နေပျက်နေတဲ့ BBC ကို သံဝေဂယူပြီး Fake news မှာ မရှုးမိဖို့ပါ၊ disinformation မှာ ဘယာကင်းဖို့နဲ့ mis-information မှာ ဘေးကင်းဖို့ရန်ပါပဲ။ အထက်က BBC အကြီးအကဲနှစ်ဦးလို သမ္မတထရမ့်ရဲ့ ဒဏ်တပ်ခြင်းခံနေရပုံကို ကြည့်ပြီး နောင်မှာ နောင်တမရစေချင်ပါ။ သံသရာမှာ အပါယ်မလားစေလိုပါ။ သာယာနေတဲ့ကမ္ဘာကြီး သင့်ရဲ့ မုသားများအောက်မှာ မပျက်စီးစေလိုပါ၊ ဤသို့သာလျှင် ဆန္ဒဖြစ်မိပါတယ်။ ။

# ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၄

**ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီဥက္ကဋ္ဌ ဒေါ်စောယုမာက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



လေးစားအပ်ပါသော မိဘပြည်သူများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်မကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ (Union Peace & Unity Party – UPUP) ဥက္ကဋ္ဌ ဒေါ်စောယုမာ ဖြစ်ပါတယ်။

ကျွန်မတို့ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ (Union Peace & Unity Party–UPUP)သည် စည်းစနစ်ကျနသော ဖွဲ့စည်းပုံ စည်းမျဉ်း(Systemmatic)နှင့် မူဝါဒလုပ်ငန်းစဉ်များ အတိအကျရှိသော (Programmatic)တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော နိုင်ငံရေးပါတီတစ်ရပ်ဖြစ်ပါတယ်။ ပါတီ၏ဆောင်ပုဒ်များဖြစ်တဲ့ "Universal Basic Service" (လူတိုင်းအတွက် အခြေခံဝန်ဆောင်မှု)နှင့် ပါတီ၏စံ မှန် (၅)မှန်ဖြစ်သော လူမှန်၊ နေရာမှန်၊ စနစ်မှန်၊ သဘောတရားမှန်၊ ပြည်သူ့အတွက်မှန်ဆိုတဲ့ ဆောင်ပုဒ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ် ဖော်ဆောင်နိုင်ရန်အတွက် ပါတီကချမှတ်ထားတဲ့မူဝါဒများနှင့် အခြေခံသဘောတရားလုပ်ငန်းစဉ်များကို ပြည်သူများသို့ သိရှိစေရန်အတွက် အသိပေးကြေညာအပ်ပါတယ်။

ယနေ့အချိန်အခါဟာ နည်းပညာခေတ်ဖြစ်သည်နှင့်အညီ AI နည်းပညာများ တိုးတက်ပေါ်ထွက်လာလျက်ရှိသည့်အတွက် ကမ္ဘာပေါ်မှာ လာမည့်(၁၀)စုနှစ်အတွင်း အလုပ်အကိုင်ရှားပါးမှု၊ အလုပ်လက်မဲ့လူတန်းစားတစ်ရပ် ပေါ်ထွက်လာနိုင်ဖွယ် မြင်တွေ့နေရပါတယ်။ အနာဂတ်သို့ ရည်မှန်း၍ လူထုအတွက် "Universal Basic Service" လူတိုင်းအတွက် အခြေခံဝန်ဆောင်မှုအဖြစ် နိုင်ငံသားတိုင်းအတွက် အခမဲ့ပညာရေး၊ အခမဲ့ကျန်းမာရေး၊ အခမဲ့ သယ်ယူပို့ဆောင်ရေး ဖော်ဆောင်ပေးနိုင်ရမယ်လို့ ရည်မှန်းချက်ထားရှိပါတယ်။

ကျွန်မတို့ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီဟာ သမိုင်းပေးလိုအပ်ချက်အရ သမိုင်းပေးတာဝန်တစ်ရပ် ဖော်ဆောင်ရန်အတွက် ပေါ်ထွက်လာသော လူထုလူတန်းစားအလွှာစုံပါဝင်ပြီး အမျိုးသားရေးကိုအခြေခံ၍ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားကာ နိုင်ငံတော်၏ကဏ္ဍစုံကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မယ့် လူထုအခြေပြု(ကိုယ်စားပြု)နိုင်ငံရေးပါတီတစ်ရပ် ဖြစ်ပါတယ်။

**ပါတီက သတ်မှတ်ထားရှိသော နိုင်ငံရေးမူဝါဒများမှာ**

ပင်မနိုင်ငံရေး မူဝါဒကြီး(၄)ခုဖြစ်သော Liberalism၊ Progressivism၊ Conservatism၊ Nationalism တို့အနက် ဝါဒတစ်ခုတည်းကို တစ်သမတ်တည်း လက်ကိုင်ထားမကျင့်သုံးဘဲ မိမိနိုင်ငံရဲ့ လူမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ ပထဝီအခြေအနေ၊ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှု၊ ပကတိအခြေအနေတို့ အပေါ်မူတည်ပြီး အခြေအနေနှင့်အချိန်အခါအလျောက် လိုက်လျောညီထွေစွာ အံဝင်ခွင်ကျဖြစ်အောင် လိမ္မာပါးနပ်စွာဖြင့် မည်သည့်ဝါဒကိုမျှ အစွန်းမရောက်စေဘဲ လိုအပ်သလို ထည့်သွင်းကျင့်သုံးသွားပါမယ်။

ပါတီနှင့်လူပုဂ္ဂိုလ်ယှဉ်ပါက ပါတီကိုရွေးချယ်ရမည်ဖြစ်ပြီး ပါတီနှင့်နိုင်ငံကို ယှဉ်ပြီးရွေးချယ်ရပါက နိုင်ငံ့အရေးကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။

ပါတီတွင်း ဒီမိုကရေစီရှင်သန်ရေးဟာ ပါတီ၏အသက်ဝိညာဉ်သွေးကြောအဖြစ် သဘောထားကာ အလေးထားဆောင်ရွက်သွားပါမယ်။ (Collective Leadership Style) စုပေါင်းခေါင်းဆောင်မှုပုံစံဖြင့် ပါတီကို တည်ဆောက်သွားပါမယ်။

လူထုကိုယ်စားပြုပါတီတစ်ရပ်ဖြစ်ပေါ်စေရန်အတွက် ပါတီတွင်း အုပ်စုဖွဲ့မှု၊ လူပုဂ္ဂိုလ်ကိုးကွယ်မှု (Personality Cult)၊ ပါတီတွင်း ဗျူရိုကရက်တစ်များ မပေါ်ပေါက်စေရေး၊ ပါတီတွင်းဆွေမျိုး မိတ်ဆွေကောင်းစားရေးဝါဒ (Political Nepotism) မကျင့်သုံးစေရေး၊ ပါတီတွင်း စည်းမျဉ်းစည်းကမ်းများ၊ ပါတီ၏(Rule & Regulation) တိကျစွာလိုက်နာဆောင်ရွက်ရေး၊ ပါတီခေါင်းဆောင်နေရာအားလည်း နိုင်ငံရေး အမွေဆက်ခံမှုပုံစံမဖြစ်စေရေးတို့ကို စနစ်တကျ ကာကွယ်တားဆီးသွားမှာ ဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ စီးပွားရေးအရလည်း အဆင်ပြေမယ့် စိမ်းလန်းသည့် မူဝါဒများ(Green Policies)များ ချမှတ်ဆောင်ရွက်ပါမယ်။

**ပါတီ၏ အခြေခံသဘောတရားများမှာ**

နိုင်ငံရေးတွင် ထာဝရရန်သူမရှိသလို ထာဝရမိတ်ဆွေမရှိဘဲ နိုင်ငံ့အကျိုးစီးပွားသာထာဝရဖြစ်သည်။ ဒါကြောင့် နိုင်ငံ့အရေးနှင့် ပတ်သက်လာလျှင် အမျိုးသားအကျိုးစီးပွားကို အဓိကထားကာကွယ်သွားပါမယ်။

"စစ်ဘောင်ကျယ်လျှင် နိုင်ငံရေးဘောင်ကျဉ်းမယ်၊ နိုင်ငံရေးဘောင်ကျယ်လျှင် စစ်ဘောင်ကျဉ်းမယ်"ဆိုသော ဥပဒေသအရ နိုင်ငံရေးအင်အားစုများ အားကောင်းအောင် ကြိုးစားဆောင်ရွက်သွားပါမယ်။

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေရန်နှင့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် မျှော်ကိုးပြီး နိုင်ငံတစ်ခုမှာ တပ်မတော်တစ်ခုပဲရှိရမည်(One Country One Army)ဆိုသော ဥပဒေသအတိုင်း မြန်မာ့တပ်မတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အင်အားတောင့်တင်းခိုင်မာလာစေရေး၊ စွမ်းရည်ထက်မြက်လာစေရေး ပါတီအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်သွားပါမယ်။

အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်တို့ကိုအခြေခံကာ ယဉ်ကျေးသိမ်မွေ့စွာနဲ့ ဖော်ဆောင်ရမယ့် ဒီမိုကရေစီစနစ် ထွန်းကားပြန့်ပွားစေရန်နှင့် ဒီမိုကရေစီသဘောတရားများ၊ အနှစ်သာရများကို တန်ဖိုးထားလေးစားမြတ်နိုးပြီး အမြစ်တွယ် ရှင်သန်လာစေရန် ကြိုးပမ်းဆောင်ရွက်ဖော်ဆောင်မယ့် နိုင်ငံရေးသမားကောင်းများ ပေါ်ထွက်လာစေရန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လုပ်ငန်းစဉ်များအနေဖြင့် မြန်မာနိုင်ငံတွင် ကျေးလက်နေလူတန်းစားနှင့် အခြေခံလူတန်းစား (၇၀)ရာခိုင်နှုန်းရှိသော ပြည်သူများအတွက် ဆင်းရဲမွဲတေမှုပပျောက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးကို အဓိကထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဈေးကွက်စီးပွားရေးစနစ်မှာ လွတ်လပ်စွာပါဝင်နိုင်ခွင့်၊ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ကို တိုးမြှင့်ရေး၊ ပြည်သူလူထု၏ ဆင်းရဲနွမ်းပါးမှု၊ ပညာရေးနိမ့်ပါးမှု၊ အသိဉာဏ်စဉ်းစားတွေးခေါ်မှု နိမ့်ကျလာခြင်းတို့မှ ကာကွယ်၍ အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ ပံ့ပိုးကူညီခြင်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အဓိကဖြစ်သော လယ်ယာကဏ္ဍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအင်၊ ကျေးလက်သမဝါယမ၊ အလုပ်သမားရေးရာ၊ ရွှေ့ပြောင်းလုပ်သား၊ SME, MSME လုပ်ငန်းရှင်များ၊ တတ်သိပညာရှင်၊ နည်းပညာရှင်များ စသောကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်သူ့အသံ ပြည်သူ့ဆန္ဒ၊ ပြည်သူ့မျှော်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် နိုင်ငံသားတစ်ဦးချင်းစီရဲ့ ရပိုင်ခွင့်၊ ကိုယ်ပိုင်အတွေးအခေါ်၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် လွတ်လပ်စွာ ထုတ်ဖော်ရေးသား ပြောဆိုပိုင်ခွင့်များရရှိစေရန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



နိုင်ငံသားတိုင်းဟာ အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု၊ ဘာသာရေး ခုတုံးလုပ်မှု၊ အမျိုးသားရေး အစွန်းရောက်မှု၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုတို့မှ စိုးရိမ်ရန်မရှိဘဲ လုံခြုံစိတ်ချအေးချမ်းစွာ နေထိုင်နိုင်မယ့် ဥပဒေအကာအကွယ်များရရှိစေရန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတကာနှင့်ဆက်ဆံရေးမူဝါဒတစ်ရပ် ရေးဆွဲချမှတ်ဆောင်ရွက်ရန်နှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ မိမိနိုင်ငံသို့ဘေးကင်းလုံခြုံစွာ ပြန်လည်ရောက်ရှိစေရေးတို့ကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကလေးသူငယ်များ၊ မိဘမဲ့လေလွင့်ကလေးများ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အားနည်းသူများနှင့် ထိခိုက်နစ်နာသူများအတွက် စားဝတ်နေရေး ကာကွယ်စောင့်ရှောက်ရေးအစီအမံများ ထားရှိဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

မြန်မာ့သမိုင်းတွင် မှားယွင်းခဲ့သော လုပ်ငန်းစဉ်များ၊ ဖြစ်စဉ်များမှ သင်ခန်းစာယူပြီး၊ မှန်ကန်ကောင်းမွန်သောအရာများကို အတုယူပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လူငယ်တို့ရဲ့အစွမ်းကို ဖော်ပြဖို့ "UPUP" ဝင်ကြစို့၊ အမျိုးသမီးစွမ်းဆောင်ရှင်များကို ဖော်ထုတ်ပေးမှာ "UPUP" ပါတီသာဖြစ်ကြောင်းနှင့် နိုင်ငံတော်၏အနာဂတ်ကိုပြောင်းလဲဖို့ "UPUP" ကို မဲပေးကြပါစို့ မိဘပြည်သူများကို တိုက်တွန်းပြောကြားလိုပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီဟာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးတည်ဆောက်ရေး၊ နိုင်ငံတော်၏ အရေး(၃)ပါးဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် ကျွန်မတို့ "UPUP" ပါတီဝင်တိုင်းက အသက်ကို ပဓာနမထားဘဲ အဆုံးထိပေးဆပ်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ပါတီမဲဆွယ်စည်းရုံးရေးတေးသီချင်း**
**"အတောင်ပံဖြန့်ကာ ပျံသန်းမည်"**

➢ (ယူပီယူပီ ယူပီယူပီ
ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ
သမိုင်းတစ်ခေတ် ဆန်းသစ် ယူပီယူပီ
လူမှန် နေရာမှန် စနစ်မှန်
သဘောတရားမှန် ပြည်သူ့အတွက်
မှန်နေစေပါမည်။

➢ စုပေါင်းခေါင်းဆောင်မှုနှင့် အရှေ့သို့လှမ်းချီ
ချီးဖြူငှက်ပုံ အမှတ်နဲ့
ညီညွတ်ခြင်းရဲ့အင်အား
ပြောင်းလဲချင်တဲ့စနစ်များ
စုပေါင်းခေါင်းဆောင်မှုနဲ့
အတောင်ပံကိုဖြန့်ကာပျံသန်းမည် ယူပီ
ယူပီ ယူပီယူပီ ယူပီယူပီ
ယူပီယူပီ ယူပီယူပီ ယူပီယူပီ ယူပီယူပီ
ယူပီယူပီ )၂

# မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၄

**မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီဒုတိယဥက္ကဋ္ဌ-၂ ဦးဟန်မင်းဆွေက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရဟန်းရှင်လူ တိုင်းရင်းသားမိဘပြည်သူအပေါင်းတို့ကို ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ကောင်းကျိုးလိုအင်ဆန္ဒများနှင့် ပြည့်စုံပါစေကြောင်း ကျွန်တော်နှင့်အတူ မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီဝင်များအားလုံးကနေ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ နိုင်ငံရဲ့ အဓိကအင်အားစုကြီးများဖြစ်တဲ့ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် လက်လုပ်လက်စားပြည်သူများကို ကိုယ်စားပြုပြီး အသိပညာရှင်၊ အတတ်ပညာရှင်များရဲ့ ဟန်ချက်ညီညီ ပူးပေါင်းပါဝင်မှုနှင့်အတူ ဖွဲ့စည်းတည်ထောင်ထားတာ ဖြစ်ပါတယ်။ လက်လုပ်လက်စားအခြေခံလူတန်းစားပြည်သူများ ကြုံတွေ့နေတဲ့ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်အောင် ဥပဒေဆိုင်ရာအကာကွယ်တွေ အမှန်တကယ်ရရှိနိုင်အောင်နဲ့ ကမ္ဘာ့နိုင်ငံများနဲ့ တန်းတူရင်ပေါင်တန်းနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်သော၊ ချမ်းသာကြွယ်ဝသော ခေတ်သစ်နိုင်ငံတော်ကြီးကို တည်ဆောက်မယ်ဆိုတဲ့ ရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ "မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီရဲ့ အဓိကဦးစားပေးနိုင်ငံရေးမူဝါဒသဘောတရားများကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသော၊ ပြည်သူဗဟိုပြုတဲ့ သန့်ရှင်းသော အစိုးရအုပ်ချုပ်ရေးစနစ်ပေါ်ထွန်းလာစေရေး၊ မှန်ကန်မျှတသော လွတ်လပ်ပွင့်လင်းသော တရားဥပဒေစိုးမိုးရေး ဖြစ်ပါတယ်။

ကောင်းမွန်သော၊ သန့်ရှင်းသောပြည်သူဗဟိုပြုတဲ့ အစိုးရအုပ်ချုပ်ရေးစနစ် တည်ဆောက်မယ်ဆိုရင် ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြည်သူ့ဆန္ဒအရ ရွေးချယ်တင်မြှောက်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဖြစ်ရပါမယ်။

အုပ်ချုပ်ရေးမဏ္ဍိုင်မှာ ပွင့်လင်းမြင်သာမှုရှိရေး၊ ဗဟိုဦးစီးချုပ်ကိုင်မှု လျှော့ချပြီးတော့ အမြော်အမြင်ကြီးမားတဲ့ ပညာရှင်များရဲ့ အခန်းကဏ္ဍကိုလည်း ပါဝင်စေရပါမယ်။

တရားဥပဒေစိုးမိုးရေးမှာလည်း တည်ဆဲဥပဒေတွေကိုပဲ အတင်းစိုးမိုးနေရုံနဲ့ မလုံလောက်ပါဘူး၊ တရားမျှတတဲ့ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ ဥပဒေအသစ်များ ပြဋ္ဌာန်းနိုင်ဖို့၊ ပြင်ဆင်နိုင်ဖို့၊ မမျှတမလိုအပ်တဲ့ ဥပဒေချုပ်ကိုင်မှုတွေကို ဖျက်သိမ်းနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တရားစီရင်ရေးစနစ်မှာလည်း လာဘ်ပေးလာဘ်ယူအဂတိကင်းရှင်းဖို့ အရေးကြီးသလို ပွင့်လင်းမြင်သာတဲ့၊ အုပ်ချုပ်ရေးအာဏာမှ ကင်းလွတ်တဲ့ တရားစီရင်ရေးမျိုးဖြစ်ရမယ်။ ဥပဒေဆိုင်ရာ အထောက်အကူပြုအဖွဲ့အစည်းများ လွတ်လပ်စွာပေါ်ထွန်းစေပြီး ပြည်သူပါဝင်မှုနှင့်အတူ တရားဥပဒေစိုးမိုးရေး နယ်ပယ်ဟာလည်း ပိုမိုအားကောင်းလာစေမှာ အမှန်ပဲဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးနဲ့အတူ တွဲလျက်ပါလာခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဟာလည်း ဒီကနေ့အထိ အမွေဆိုးတစ်ခု ဖြစ်နေပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်ကနေစပြီး ယနေ့တိုင်အောင် နိုင်ငံရေးခေါင်းဆောင်များ၊ လက်နက်ကိုင်များရဲ့ တင်းမာတဲ့ သဘောထားတွေဟာ ဒီကနေ့ ကျွန်တော်တို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးတဲ့ အခြေအနေကို ရောက်စေခဲ့ပါတယ်။ မတူညီတဲ့အမြင်တွေကို သဘောထားကြီးမှုတွေ၊ အပြန်အလှန်နားလည်မှုတွေ မတည်ဆောက်နိုင်တဲ့အခါ အားမဖြစ်စေတော့ဘဲ ဘေးဖြစ်နေတာဟာ ဒီကနေ့ ပြည်သူအားလုံး အသိပဲဖြစ်ပါတယ်။ တရားမျှတခြင်းဆိုတာရှိမှ ညီညွတ်ခြင်းနှင့် ယုံကြည်မှုဆိုတာ တည်ဆောက်လို့ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားများအခြေပြုရာ ပြည်နယ်များနဲ့ တိုင်းဒေသကြီးများ အားလုံးမှာ အခွင့်အရေးတန်းတူဖြစ်စေဖို့ တာဝန်သိတတ်မှု၊ တာဝန်ယူတတ်မှုတွေ တူညီနေကြဖို့ လိုအပ်ပါသည်။

PPMFW ပါတီရဲ့ နိုင်ငံခြားရေးမူဝါဒများအနေနဲ့ အမျိုးသားအကျိုးစီးပွားကို ရှေးရှုသော၊ လွတ်လပ်၍တက်ကြွသော၊ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်အောင် ဆောင်ရွက်သွားမှာဖြစ်ပြီး အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားခြင်းနှင့်အတူ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ကြမှာ ဖြစ်ပါတယ်။

စီးပွားရေးဆိုင်ရာမူဝါဒအနေနဲ့ စက်မှုလယ်ယာစနစ်ကို အခြေခိုင်မာစေပြီး စက်မှုနိုင်ငံတော်အဖြစ်ကို တက်လှမ်းတည်ဆောက်သွားမှာဖြစ်တယ်။

အစိုးရရဲ့ စီးပွားရေးချုပ်ကိုင်မှုများကို လျှော့ချပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ ပါဝင်ဆောင်ရွက်နိုင်စွမ်းကို မြှင့်တင်သွားရပါမယ်။

လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံမှာဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သွားပါမယ်။ တစ်ချိန်တည်းမှာပဲ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များရဲ့ ယှဉ်ပြိုင်ရပ်တည်နိုင်စွမ်းကိုလည်း အကာအကွယ်ပေးတဲ့ မူဝါဒများရေးဆွဲဆောင်ရွက်ရပါမယ်။

နိုင်ငံ့သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရာတွင်လည်း အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများအတွက်ပါ ရေရှည်မြော်မြင်ပြီး သယံဇာတဆိုင်ရာမူဝါဒများ ရေးဆွဲဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် မထိခိုက်စေရန်အတွက်လည်း အလွန်အရေးကြီးပါတယ်။ ပြည်သူ့သယံဇာတဆိုင်ရာ ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းပြီး ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

လက်ရှိ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးဟာ သယံဇာတထုတ်ယူသုံးစွဲခြင်းအပေါ်မှာပဲ အလွန်အကျွံ မှီခိုနေတာကိုလျှော့ချပြီး သဘာဝပထဝီအခြေအနေနှင့် လူ့စွမ်းအားအရင်းအမြစ်တို့ ပေါင်းစပ်ဖွံ့ဖြိုးစေသည့် မူဝါဒများရေးဆွဲ၍ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံကိုမှန်ကန်တဲ့ စီးပွားရေးလမ်းကြောင်းပေါ်မှာ ရပ်တည်ဖို့ဆိုရင် SME၊ SMI အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များကို လိုအပ်တဲ့ အထောက်အပံ့များပေးနိုင်ဖို့၊ ဘဏ်တိုးနှုန်းများလျှော့ချဖို့နဲ့ ဥပဒေဆိုင်ရာ အကာအကွယ်ပေးနိုင်ဖို့၊ ပုဂ္ဂလိကစီးပွားရေးနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်နိုင်ဖို့ လိုအပ်ပါတယ်။ ဘဏ်လုပ်ငန်းများနဲ့ ငွေကြေးဆိုင်ရာ တည်ငြိမ်မှုရရှိအောင်၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိအောင် ထိန်းကျောင်းပေးရမှာက အစိုးရများရဲ့ တာဝန်ပဲဖြစ်ပါတယ်။ ကုန်သွယ်ဖက်နိုင်ငံများ၏ ဈေးကွက်ချုပ်ကိုင်မှု မခံရစေရန်၊ ပြည်တွင်းထုတ်ကုန်များ နည်းပညာနှင့် အရည်အသွေးမြင့်မားရေး၊ ပြည်ပဈေးကွက်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

PPMFW ပါတီရဲ့ ပညာရေးဆိုင်ရာမူဝါဒများအနေနဲ့ အမှန်တကယ်နားလည်တတ်မြောက်စေရေး၊ ကိုယ်ပိုင်တွေးခေါ်ကြံဆနိုင်သည့် လွတ်လပ်မြင့်မားတဲ့ ပညာရေးမျိုးဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ အခြေခံမူလတန်းကို မသင်မနေရ ပညာရေး၊ အထက်တန်းအဆင့်အထိကို အခမဲ့ပညာရေးမူဝါဒများ ချမှတ်သွားရမှာဖြစ်တယ်။

အဆင့်မြင့်ပညာရေး နယ်ပယ်မှာလည်း အကန့်အသတ်မူဘောင်များ ဖြေလျှော့ပြီး လွတ်လပ်စွာသင်ကြားနိုင်ရေး ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ပညာရေးစီမံကိန်းများ ရေးဆွဲပြီး ပညာရေးအသုံးစရိတ်တိုးမြှင့်ရေး၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံရေး၊ ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်တင်ရေး၊ ပညာသင်ထောက်ပံ့ကြေးနဲ့ နိုင်ငံတကာသို့ ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ပညာရှင်များကို ပြည်တွင်းမှာပဲ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ ပြည်ပရောက် နိုင်ငံသားခေတ်ပညာတတ်များအား ပြန်လည်ဖိတ်ခေါ်၍ နိုင်ငံတော်တည်ဆောက်ရေးမှာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးစေမှာဖြစ်ပါတယ်။

အမျိုးသားကျန်းမာရေးစီမံချက်များရေးဆွဲ၍ ကျန်းမာရေးအသုံးစရိတ်လုံလောက်စွာ မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များနဲ့ သက်ကြီးရွယ်အိုများ အခမဲ့ဆေးကုသပေးနိုင်ခွင့် ရှိစေရပါမယ်။ သွားရေးလာရေးခက်ခဲတဲ့ဒေသများပါမကျန် နယ်လှည့်ဆေးကုသရေးအစီအစဉ်များ ဆောင်ရွက်သွားပါမယ်။ ဆေးဘက်ဆိုင်ရာပညာရှင်များ ပိုမိုမွေးထုတ်၍ အရည်အသွေးနှင့် စိတ်စေတနာမြင့်မားရေးကို လေ့ကျင့်ပျိုးထောင်သွားရန် လိုအပ်ပါတယ်။ ပြည်သူ့ကျန်းမာရေးနယ်ပယ်မှာ ကုသရေးအပြင် ရောဂါကြိုတင်ကာကွယ်တားဆီးရေး အစီအမံများလည်း အလွန်အရေးကြီးပါတယ်။

တိုင်းရင်းသားလူမျိုးစုများအားလုံးရဲ့ ကိုယ်ပိုင်အခွင့်အရေးမှန်သမျှကို အာမခံပေးနိုင်ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားအခြေပြုရာ ပြည်နယ်များအားလုံးမှာ လမ်း၊ တံတား၊ ဆေးရုံ၊ စာသင်ကျောင်း၊ စီးပွားရေးဇုန်စသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမှာဖြစ်သလို ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အထောက်အပံ့များ ဖွံ့ဖြိုးတိုးတက်စေရပါမယ်။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု စာပေအနုပညာများကို အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမှာ ဖြစ်ပါတယ်။

လယ်သမားများရဲ့ လယ်ယာမြေပိုင်ဆိုင်ခွင့်ကို အာမခံပေးရမှာဖြစ်ပြီး လယ်လုပ်သူတိုင်း လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိစေမှာ ဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ လယ်ယာမြေအငြင်းပွားမှုများကိုလည်း အမြန်ဆုံးမှန်မှန်ကန်ကန် ဖြေရှင်းဆောင်ရွက်ပေးပါ့မယ်။

အလုပ်သမားများအတွက် နိုင်ငံရဲ့ အနိမ့်ဆုံးလုပ်ခနှုန်းထားသတ်မှတ်ချက်ဟာ အာဆီယံနိုင်ငံများနဲ့ တန်းတူဖြစ်စေဖို့ အစိုးရပိုင်းကနေ ပံ့ပိုးမှုများ ဥပဒေနှင့်အညီ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ပြည်ပရောက် မြန်မာရွှေ့ပြောင်းလုပ်သားများကိုလည်း နိုင်ငံတကာ အလုပ်သမားဥပဒေများနဲ့အညီ အခွင့်အရေးနှင့် အကာကွယ်များ အပြည့်အဝရရှိစေရေး ဆောင်ရွက်ပေးသွားရမှာ ဖြစ်ပါတယ်။



နိုင်ငံတော်ရဲ့ အရေးကြီးလှတဲ့ တာဝန်ဝတ္တရားများကို ထမ်းဆောင်နေကြသော ပြည်သူ့ဝန်ထမ်းများနှင့် မိသားစုဝင်များရဲ့ လူမှုဘဝပြည့်စုံရေး၊ ပညာရေး၊ ကျန်းမာရေး အထောက်အပံ့ကောင်းများ၊ အနာဂတ်အတွက် အစီအမံများ ချမှတ်ပေးရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားများသည် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိပါတယ်။ သို့သော် ဘာသာရေးအစွန်းရောက် ဝါဒများစွဲကိုင်ပြီး တစ်ဖက်နဲ့တစ်ဖက် စော်ကားတိုက်ခိုက်ခြင်းမျိုးမဖြစ်ဖို့ အင်မတန်အရေးကြီးပါတယ်။ အမျိုးဘာသာ သာသနာ ဝံသာနုရက္ခိတတရားများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ဆိုတာ နိုင်ငံသားအားလုံးရဲ့ သမိုင်းပေးတာဝန်ကြီးပဲ ဖြစ်ပါတယ်။

အချုပ်အားဖြင့် တင်ပြရလျှင် ကျွန်တော်တို့နိုင်ငံဟာ ဒီကနေ့ထိတိုင်အောင် ချမ်းသာကြွယ်ဝနေဆဲပါ။ မြန်မာနိုင်ငံသားတစ်ဦးချင်းစီရဲ့ မွေးရာပါမြေပိုင်ဆိုင်မှု ပမာဏဟာ(၃ ဒသမ ၂၅)ကေဖြစ်ပါတယ်။ ဒါဟာ အာဆီယံနိုင်ငံအားလုံးထက် ပိုမိုသာလွန်ပါတယ်။

ကောင်းမွန်တဲ့ ရာသီဥတု၊ မြေဆီဩဇာကြွယ်ဝတဲ့ မြေမျက်နှာသွင်ပြင်အခြေအနေတွေ၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ရေချိုရရှိမှုကို ကောင်းစွာထောက်ပံ့ပေးနိုင်တဲ့ အဓိကမြစ်ကြီးများရဲ့ တည်ရှိပုံ၊ လုံလောက်တဲ့ ပင်လယ်ရေပိုင်နက်အကျယ်အဝန်း၊ ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းပိုင်ဆိုင်မှု၊ သဘာဝစွမ်းအင်အရင်းအမြစ်များ ပေါကြွယ်ဝမှု၊ ဒါ့အပြင် စစ်ရေး၊ စီးပွားရေး၊ မဟာဗျူဟာကျတဲ့ ပထဝီအနေအထားတွေကို ပိုင်ဆိုင်ထားတာဖြစ်ပါတယ်။ လူဦးရေသိပ်သည်းဆများလွန်းတဲ့ နိုင်ငံကြီးတွေရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံဟာ တည်ရှိနေတာဖြစ်တဲ့အတွက် စီးပွားရေးအရ အလွန်ကြီးမားတဲ့ ဈေးကွက်ကြီးကို ပိုင်ဆိုင်ထားတယ်လို့ ဆိုချင်ပါတယ်။

ဒါကြောင့် တွင်းထွက်သယံဇာတတွေအပေါ်မှာ မှီခိုစရာတောင်မလိုအပ်ဘဲ ကျွန်တော်တို့ နိုင်ငံသားတွေအားလုံး ချမ်းသာကြွယ်ဝအောင် လုပ်လို့ရတယ်လို့ အခိုင်အမာဆိုချင်ပါတယ်။

နိုင်ငံရဲ့ချမ်းသာကြွယ်ဝမှုကို နိုင်ငံသားအားလုံး တန်းတူရည်တူခံစားနိုင်ဖို့ ပထမဦးဆုံး အဓိကလိုအပ်ချက်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး အမြန်ဆုံးရရှိဖို့ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ စည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ပြီး အဲဒီကမှတစ်ဆင့် နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အမြော်မြင်ကြီးကြီးနှင့် ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းနိုင်ဖို့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ဘာသာရေးအစရှိသည့် မူဝါဒများချမှတ်ပြီးတော့ ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံးရဲ့ နောင်လာနောက်သား မျိုးဆက်တွေကို ငြိမ်းချမ်းသာယာဝပြောတဲ့ ခေတ်သစ်နိုင်ငံတော်ကြီးကို အကောင်းဆုံးအမွေအဖြစ် လက်ဆင့်ကမ်းပေးနိုင်ကြဖို့ ဒီကနေ့ကစပြီး ကျွန်တော်တို့ "မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီနှင့်အတူ တိုင်းရင်းသားမိဘပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပေးကြဖို့ လေးလေးစားစား ဆန္ဒပြုအပ်ပါတယ်။

ဒါကြောင့် ပြည်သူကို အလုပ်အကျွေးပြုမယ်ဆိုတဲ့ ခိုင်မာတဲ့ သန္နိဋ္ဌာန်နဲ့အတူ ပေါက်ဖွားလာတဲ့ ကျွန်တော်တို့ရဲ့ "မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ" PPMFW ရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ထောက်ခံအားပေးကြပါလို့ လေးလေးစားစား မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ပါတီအနေဖြင့် ရွေးကောက်ပွဲအလွန်ကာလများ၌ ပြည်ထောင်စုတစ်ဝန်းလုံး ထာဝရငြိမ်းချမ်းရေး အမြန်ဆုံးရရှိစေဖို့နှင့် နိုင်ငံ့စီးပွားရေးချက်ချင်းဦးမော့လာပြီး ပြည်သူတစ်ရပ်လုံး စားဝတ်နေရေး ပြည့်စုံဖူလုံအောင် စွမ်းစွမ်းတမံ အားကြိုးမာန်တက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းရင်းသားမိဘပြည်သူတစ်ရပ်လုံးအား ကတိကဝတ်ပြုတင်ပြအပ်ပါတယ် ခင်ဗျား -

ကျွန်တော်တို့ပါတီရဲ့ ရွေးကောက်ပွဲအောင်နိုင်ရေး ဆောင်ပုဒ်ကတော့

**"လိုအပ်ချက်တွေ ဖြည့်ဆည်းဖို့**
**မတရားမှုတွေ ကာကွယ်ဖို့**
**နစ်နာမှုတွေ ကူညီဖို့**
**ပြည်သူ့အနာဂတ်တွေ သာယာပြည့်စုံဖို့**
**မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီကို ထောက်ခံစို့"**

ပဲဖြစ်ပါတယ်။ မိဘပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပြီး အနာဂတ်ဘဝများ ငြိမ်းချမ်းပြည့်စုံပါစေကြောင်း မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည့်သူ့ပါတီမှ ဆန္ဒပြုအပ်ပါသည် ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**ပုသိမ် နိုဝင်ဘာ ၁၄**

(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရတနာတန်ဆောင် ခန်းမ၌ ပြုလုပ်ရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ပထမဆုရရှိသူများအား လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဒုတိယဆုရရှိသူများအား လည်းကောင်း၊ လူမှုရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး ပညာရေးမှူးတို့က အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် တတိယဆုရရှိသူများအား လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေ၍အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲ




နေ့အထိမ်းအမှတ်အဖြစ် ပြသထားသော ပြခန်းအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## လှိုင်လင်မြို့၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**လှိုင်လင် နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သစ်တော ဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက်က အဆိုပါကျောင်းခန်းမတွင် ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်က အမှာစကားပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစည်သူနိုင်က မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ သိကောင်းစရာများကိုဟောပြောကာ ကျောင်းသား ကျောင်းသူများ၏ မှတ်ဉာဏ်စွမ်းရည်နှင့်ပတ်သက်၍ မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း ကိုလည်းကောင်း၊ မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ဝင်းက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး၊ တောမီးကာကွယ် ထိန်းသိမ်းခြင်းဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း၊ သစ်တော ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မျိုးအောင်က သစ်တောပြုစုထိန်းသိမ်း ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ သိကောင်းစရာများကို လည်းကောင်း ဟောပြောကြကြောင်း သိရသည်။ **လှိုင်လင်မိုး**




စမ်းချောင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲကို နိုဝင်ဘာ ၁၂ ရက်က ကျွန်းတောလမ်းရှိ ကျွန်းတောဓမ္မာရုံ၌ပြုလုပ်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်စုလှဖြူ ရှင်းလင်းတင်ပြစဉ်။ စမ်းချောင်း(ပြန်/ဆက်)

## ရေးမြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရေး နိုဝင်ဘာ ၁၄**

(၁၀၅)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် ရေးမြို့နယ် အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း ပညာ ရတနာခန်းမဆောင်၌ ကျင်းပ သည်။



အခမ်းအနားတွင်ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ သတိုးသီရိ သုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၁၀၅)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့်သဝဏ် လွှာကို ရေးခရိုင်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထိန်စိုးက ဖတ်ကြားသည်။

ဆက်လက်၍ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်း အမှတ် အထက်တန်းအဆင့် စာစီစာကုံးနှင့်ကဗျာ၊ အလယ်တန်း အဆင့် စာစီစာကုံးနှင့် ပန်းချီ၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ရရှိသူများအား ရေးမြို့နယ်(ခေတ္တ) တပ်နယ်မှူး ဒုတိယ ဗိုလ်မှူးကြီး ခိုင်ဇော်၊ ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထိန်စိုး နှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးကျော်မျိုးနိုင်နှင့် မြို့နယ် စီမံအဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်ခင်စန်းတို့က တစ်ဦးချင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ရှင်းသန့်ဖြူ**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနား နှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးသူမောင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့ သည့် သဝဏ်လွှာအား ဖတ်ကြားသည်။



ဆက်လက်၍ မြို့နယ်အဆင့် အမျိုးသားအောင်ပွဲနေ့ အထိမ်း အမှတ် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲနှင့် အလယ်တန်း၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိခဲ့ သော ကျောင်းသား ကျောင်းသူများအား ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **ဖြိုးစန္ဒာ(ပြန်/ဆက်)**

## ဒဂုံမြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(မြို့မ)၌ ယနေ့နံနက်ပိုင်းက (၁၀၅)နှစ် မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနား ကျင်းပသည်။



**ဖတ်ကြား**

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှပေးပို့သည့် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာ ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကောင်းမြတ်ထွန်းက ဖတ်ကြား သည်။

ဆက်လက်၍ (မြို့မ)ကျောင်း ၏ ကျောင်းသူဟောင်း စာရေး ဆရာမ မစန္ဒာက နှုတ်ခွန်းဆက် စကားပြောကြားပြီး အမျိုးသား အောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများ က ဆုများပေးအပ်ခဲ့ကြောင်း သိရ သည်။

**ကျော်သူဟိန်း(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# နိုင်ငံတစ်ဝန်း၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကျင်းပ



ရန်ကင်းမြို့နယ် လှလှထွေး



ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကျော်စွာမိုး



သထုံမြို့ ခရိုင်(ပြန်/ဆက်)



လက်ပံတန်းမြို့နယ် မြို့နယ်(ပြန်/ဆက်)



ဟသ်ာတမြို့ ခရိုင်(ပြန်/ဆက်)



မော်ဘီမြို့နယ် ကောင်းမြတ်သူ(မော်ဘီ)



တောင်ငူမြို့ ခရိုင်(ပြန်/ဆက်)



ပေါင်မြို့နယ် မွန်မလေး(ပြန်/ဆက်)



ပေါင်းတည်မြို့နယ် ရွှေသား(IPRD)



ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အေးမဥ္ဇူ

## ဟိုပုံးမြို့၌ အသိပညာပေးဟောပြောပွဲကျင်းပ

ဟိုပုံး နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက်တွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



အသိပညာပေး ဟောပြောပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်လှိုင်ဆွေက မြန်မာနိုင်ငံတွင် တွေ့ရှိရသော သစ်တော အမျိုးအစားများ၊ သစ်တောဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော သစ်တောသစ်ပင် ပြုစုထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ၊ ရေချို၏အရေးပါပုံနှင့် ရေချိုကို ချွေတာသုံးစွဲရန်လိုအပ်ပုံ၊ ရေသယံဇာတများ ရေရှည်တည်တံ့စေရန် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးနည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို ဟောပြောဆွေးနွေးပြီး သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေသည်။

ထို့နောက် မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းဦးက မီးခိုးမြူငွေ့ အမျိုးအစားများနှင့် ဆိုးကျိုးများ၊ အမှိုက်စနစ်တကျ ခွဲခြားစွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး မီးခိုးမြူငွေ့အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

**သစ်တော မှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ကန့်ဘလူမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး



**မုံရွာ နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းက ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်၍ ဆေးရုံအုပ်ကြီးထံ ဆေးရုံဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်း ပေးအပ်သည်။

ထို့နောက် ကန့်ဘလူမြို့ သာသနာ့အလင်းရောင်ဘုန်းတော်ကြီးကျောင်းအဝင်လမ်း ကွန်ကရစ်ခင်းနေမှု၊ လိတ္တူ-အင်ကြင်းစုကျေးရွာချင်းဆက်လမ်းကျောက်ရောမြေခင်းကျင်းပြီးစီးမှုနှင့် အမှတ်(၂)ရပ်ကွက်ရှိ ကွန်ကရစ်လမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးကောင်းမွန်စွာ တည်ဆောက်ရေး မှာကြားသည်။

ယင်းနောက် ကန့်ဘလူမြို့နေပြည်သူများ နေ့စဉ်သန့်ရှင်းသောသောက်သုံးရေ ရရှိစေရန် မြစ်သူငယ်ဆည်မှ ပင်မရေစုကန်သို့ပို့ဆောင်၍ မြို့ရေပေးဝေရေးဆောင်ရွက်နေသည့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ကန့်ဘလူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်း ပေးအပ်သည်။

ဆက်လက်၍ ကန့်ဘလူမြို့နယ် လိတ္တူကျေးရွာ တောင်သူဦးဝေဖြိုးအောင် စိုက်ပျိုးထားရှိသည့် မကွေး(၁၆)မြေပဲစိုက်ခင်းအတွင်း ကျင်းပသည့် ဆီထွက်သီးနှံ(ဆောင်းမြေပဲ) ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ယူရီးယား+လက်ချား (ဘိုရွန်)ပက်ဖျန်းခြင်း ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး မှာကြား၍ တောင်သူဦးမျိုးသိန်း၏ ယော့ရှိုင်းယား အသားတိုးဝက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဆော်ဒီအာရေဗျနိုင်ငံ ရိရတ်ဒ်မြို့၌ ကျင်းပသည့် (၂၆) ကြိမ်မြောက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေညီလာခံနှင့် တိုးရိုက်စ် ခရီးသွားလုပ်ငန်းဆွေးနွေးပွဲတက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၁၄**

ဆော်ဒီအာရေဗျနိုင်ငံ ခရီးသွားလာရေးဝန်ကြီးနှင့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးချုပ်တို့၏ ဖိတ်ကြားချက်အရ ဆော်ဒီအာရေဗျနိုင်ငံ ရိရတ်ဒ်မြို့ရှိ မန်ဒရင်း အော်ရီယန်တယ် အယ်ဖဆာလိယ့်ဟိုတယ်၌ နိုဝင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)၏ (၂၆)ကြိမ်မြောက် ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေညီလာခံ(UN Tourism General Assembly) နှင့်ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သော မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းတို့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါ (၂၆) ကြိမ်မြောက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေညီလာခံ၏ အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဆော်ဒီအာရေဗျနိုင်ငံ ခရီးသွားလာရေးဝန်ကြီး Mr. Ahmed Al-Khatib က ဆောင်ရွက်၍ နိုင်ငံတကာခရီးသွားလုပ်ငန်းအလားအလာများ၊ ၂၀၂၄-၂၀၂၅ ခုနှစ်များအတွက် အထွေထွေလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများ၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ လူ့စွမ်းအားအရင်းအမြစ်နှင့် ဘဏ္ဍာရေးအခြေအနေများ၊ ၂၀၂၆-၂၀၂၇ ခုနှစ်များအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာရေးလျာထားမှုများ၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ အပြည့်အဝအဖွဲ့ဝင်နိုင်ငံ ၁၆၀ နိုင်ငံနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံကာအဖွဲ့အစည်း ၄၉၇ ခုမှ ပူးပေါင်းအဖွဲ့ဝင်များအဖြစ် ဝင်ရောက်မှု၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ Ms. Shaikha Al Nowais အား UN Tourism ၏ အတွင်းရေးမှူးချုပ်အဖြစ် ၂၀၂၆ခုနှစ်မှ ၂၀၂၉ခုနှစ်အထိ ခန့်အပ်ရန် အတည်ပြုမှုများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် ဒေသဆိုင်ရာရုံးတည်ထောင်ရန် အဆိုပြုချက်အပါအဝင် ကုလသမဂ္ဂခရီးသွားလုပ်ငန်း ဒေသဆိုင်ရာရုံးများနှင့် ရုံးခွဲများတည်ထောင်မှု၊ အလုပ်အမှုဆောင်ကောင်စီ အစည်းအဝေးများ၏ အစီရင်ခံတင်ပြချက်များ၊ အနာဂတ်ခရီးသွားလုပ်ငန်းဆိုင်ရာ ရိရတ်ဒ်ကြေညာချက်အား အတည်ပြုထုတ်ပြန်မှုများ၊ အယ်လ်ဆာဗားဒေါနိုင်ငံနှင့် ကာဘိုဗာဒေးနိုင်ငံတို့မှ ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်များအတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများ လက်ခံကျင်းပရန် အဆိုပြုချက်များ၊ ၂၀၂၅ ခုနှစ်မှ ၂၀၂၉ ခုနှစ်အထိ အလုပ်အမှုဆောင်ကောင်စီကို အဖွဲ့ဝင်နိုင်ငံ ၁၇ နိုင်ငံဖြင့် ဖွဲ့စည်းခဲ့မှုအခြေအနေများကို အထွေထွေညီလာခံမှ ဆွေးနွေးအတည်ပြုခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အဆိုပါအထွေထွေညီလာခံနှင့် ဆက်စပ်ကျင်းပသည့် ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းကော်မတီအစည်းအဝေး၊ ခရီးသွားလုပ်ငန်းနှင့် ယှဉ်ပြိုင်စွမ်းရည်မြှင့်တင်ရေးကော်မတီအစည်းအဝေး၊ ခရီးသွားလုပ်ငန်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကော်မတီအစည်းအဝေးနှင့် (၁၂၄)ကြိမ်မြောက် အလုပ်အမှုဆောင်ကောင်စီ အစည်းအဝေးများသို့ လေ့လာသူအဖြစ် ပါဝင်တက်ရောက်ခဲ့ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို လေ့လာခဲ့သည်။

ဆက်လက်၍ (၂၆)ကြိမ်မြောက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေညီလာခံဖွင့်ပွဲအခမ်းအနား၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ နှစ်(၅၀)မြောက် အခမ်းအနားနှင့် "ဉာဏ်ရည်တု(AI) နည်းပညာဖြင့် ခရီးသွားလုပ်ငန်း အနာဂတ်အလားအလာများအား ပြန်လည်သတ်မှတ်ခြင်း" ဆောင်ပုဒ်ဖြင့်ကျင်းပသည့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းဆိုင်ရာ ဉာဏ်ရည်တုနည်းပညာ Grand Final ပြိုင်ပွဲတို့သို့ ပါဝင်တက်ရောက်ခဲ့သည်။

ထို့နောက် ဆော်ဒီအာရေဗျနိုင်ငံ ရိရတ်ဒ်မြို့ရှိ King Abdulaziz International Conference Center ၌ နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ဆော်ဒီအာရေဗျနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် TOURISE (တိုးရိုက်စ်) ခရီးသွားလုပ်ငန်းဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ပြီး လက်ရှိဖြစ်ပေါ်လျက်ရှိသည့် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နည်းပညာများ တိုးတက်ပြောင်းလဲမှုအခြေအနေများအရ ကမ္ဘာ့ခရီးသွားလုပ်ငန်းများ ကဏ္ဍစုံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြခန်းများ ပါဝင်ပြသမှုများကို ကြည့်ရှုလေ့လာခဲ့သည်။

ဒုတိယဝန်ကြီးသည် (၂၆) ကြိမ်မြောက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေညီလာခံ အစည်းအဝေးကာလအတွင်း ဆော်ဒီအာရေဗျနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကများအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုနှင့် ခရီးသွားလုပ်ငန်း များ စတင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

အလားတူ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် ပူးပေါင်းဈေးကွက်မြှင့်တင်ရေးအတွက် လုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ နားလည်မှုစာချွန်လွှာများ မူကြမ်းရေးဆွဲရေး၊ နှစ်ဖက်အတည်ပြုပြီး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေး၊ သက်တမ်းကုန်ဆုံးနေသည့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက်များ သက်တမ်းတိုးမြှင့်ရေး၊ သက်တမ်းကြာမြင့်နေသည့် နားလည်မှုစာချွန်လွှာများကို နှစ်ဖက်ညှိနှိုင်းပြင်ဆင်ရေးနှင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ညှိနှိုင်းအစည်းအဝေးများ ကျင်းပရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် (၂၆)ကြိမ်မြောက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေညီလာခံနှင့်ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာသည့် နိုင်ငံတကာမှ ခရီးသွားလုပ်ငန်း ဝန်ကြီးများနှင့် ကျွမ်းကျင်ပညာရှင်များကို တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးညှိနှိုင်းသည်။ (၂၇) ကြိမ်မြောက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေညီလာခံအစည်းအဝေးများကို Dominican Republic နိုင်ငံမှ ၂၀၂၇ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွမ်းခြံကုန်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲ ကျင်းပ

**ကွမ်းခြံကုန်း နိုဝင်ဘာ ၁၄**

ကွမ်းခြံကုန်းမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေးမွမ်းမံသင်တန်း(၁/၂၀၂၅) ဖွင့်ပွဲကို နိုဝင်ဘာ ၁၀ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် ကွမ်းခြံကုန်းမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချန်ဖီယာန်က အမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဝတ်စုံများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာနိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

# ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များ ပိုမိုတင်ပို့နိုင်ရေးနှင့် နိုင်ငံတကာဈေးကွက် စံချိန်စံညွှန်းမီ အရည်အသွေးမြင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးကြိုးပမ်း

နေပြည်တော် နိုဝင်ဘာ ၁၄



ပုဂ္ဂလိကကဏ္ဍ၏ ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များ ပိုမိုတင်ပို့နိုင်ရေးနှင့် နိုင်ငံတကာဈေးကွက် စံချိန်စံညွှန်းမီ အရည်အသွေးမြင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အားပေးကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ရတနာသိင်္ဂီ စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၏ ရေထွက်ပစ္စည်း ပြုပြင်အေးခဲခြင်းနှင့် ရေခဲစက်ရုံ၌ တန်ချိန် ၁၁၀၀ ဆံ့ အအေးခန်းဖြင့် ပြင်ပအပ်ကုန်များ လက်ခံဆောင်ရွက်ပေးနေမှု၊ ရတနာသိင်္ဂီ စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက် (အအေးခန်းစက်ရုံ)မှ ရေချိုငါး၊ ရေငန်ငါးများ အေးခဲပြုပြင်ပြီး China၊ Saudi၊ Kuwait၊ UAE နိုင်ငံများသို့ အဓိကတင်ပို့နေမှုနှင့် BAP စနစ်ဖြင့် ဆော်ဒီနိုင်ငံသို့ မွေးမြူရေးငါးများ တင်ပို့နိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ရွှေပြည်သာ စက်မှုဇုန်(၃)ရှိ Pyilonechantha Trading Co., Ltd. ၏ တန် ၆၀၀ ဆံ့ အအေးခန်းစက်ရုံတွင် Surimi (ငါးကြိတ်သား) ထုတ်လုပ်ပြီး Japan၊ Vietnam၊ Singapore အစရှိသော နိုင်ငံများသို့တင်ပို့နေမှု၊ Surimi လုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများဖြစ်သော ငါးခေါင်း၊ အရိုး၊ ကြိတ်ဖတ်များနှင့် Fish Meal (ငါးစာမှုန့်) ထုတ်လုပ်၍ ပြည်တွင်းမွေးမြူရေးလုပ်ငန်းရှင်များသို့ ရောင်းချပေးနေမှုကိုလည်းကောင်း၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၏ အအေးခန်းစက်ရုံ (လှိုင်သာယာ) တွင် ရေချို၊ ရေငန်၊ ငါး၊ ပုစွန်များအား အဆင့်မြင့်အေးခဲထုတ်လုပ်ပြီး တန်ဖိုးမြင့်ကုန်ချောအဖြစ် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေမှု၊ ငါးမွေးမြူရေးကန်များမှ ထွက်ရှိသည့် ထုတ်ကုန်များကို အရည်အသွေးမီ ပြုပြင်ထုတ်လုပ်အေးခဲပြီး တရုတ်နိုင်ငံ၊ ထိုင်းနှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့သို့ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီးက ဈေးကွက်လိုအပ်ချက်အရ ဆော်ဒီအာရေဗျနိုင်ငံသို့ မွေးမြူရေး ရေထွက်ကုန်ပစ္စည်းများ တင်ပို့ခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်ရာတွင် BAP စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာကျင့်သုံးရန် မွေးမြူသည်မှ ကုန်ချောထုတ်လုပ်သည်အထိ လုပ်ငန်းစဉ်အဆင့်တိုင်းတွင် တင်သွင်းနိုင်ငံများက ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ အရည်အသွေးပြည့်ဝ၍ ဘေးအန္တရာယ်ကင်းရှင်းသော ကုန်ပစ္စည်းများ တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လှိုင်မြို့နယ် MICT Park ရှိ Fortune International ရုံးချုပ်တွင် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူများ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ မွေးမြူရေးကို အခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှုအားကောင်းလာစေရန် လုပ်ငန်းစဉ်တစ်လျှောက်တွင် ပါဝင်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားကာ တာဝန်ရှိသူများ၏တင်ပြချက်များကို လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့အတူ အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ခန်းမဆောင်(၁)တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူများ၊ ညီနောင်အသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပြည်ပတင်ပို့ ရောင်းချနိုင်ရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြု၍ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ကြရန်လိုကြောင်း၊ အလားတူ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP)နှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များနှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြချက်များကို ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

တောင်ကြီး နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ်အတွင်း သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)တို့ရှိ သမဝါယမလုပ်ငန်းများကို နိုဝင်ဘာ ၁၃ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့၊ မိုင်းရှူးမြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တို့တွင် မြို့နယ်သမဝါယမဦးစီးဌာနဝန်ထမ်းများနှင့် သမဝါယမအသင်းများမှ အမှုဆောင်များ၊ အသင်းသားများနှင့် တွေ့ဆုံ၍ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေး၊ သမဝါယမကဏ္ဍမှ ဆောင်ရွက်လျက်ရှိသည့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ဝိုးတောင်း**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရန်အောင်(၂)ရပ်ကွက် နယ်မြေ ၁၀ တွင် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဇီဝကျင့်ဝတ်များ(Bioethics)ဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၄





ဇီဝကျင့်ဝတ်များ (Bioethics) ဆိုင်ရာ ဆွေးနွေးပွဲ (၁/၂၀၂၅) ကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ ဇီဝနည်းပညာသုတေသနဦးစီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဇီဝနည်းပညာ ဆန်းသစ်တီထွင်မှုများကို သဘာဝလုပ်ငန်းစဉ်များအတိုင်း အသုံးချ၍ စိုက်ပျိုး-မွေးမြူရေး စက်မှုလုပ်ငန်းများ၊ စားရေရိက္ခာဖူလုံရေး၊ လူသားများ၏ ကျန်းမာရေး သာယာဝပြောရေးနှင့် ရေရှည်တည်တံ့ရေး၊ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးစသည့် ကဏ္ဍများတွင် အကျိုးရှိစွာ အသုံးချနိုင်ကြောင်း၊ ယနေ့ခေတ် ဇီဝနည်းပညာအပါအဝင် နည်းပညာဖွံ့ဖြိုးမှုနှုန်းများ မြန်ဆန်လျက်ရှိပြီး AI အပါအဝင် ဒစ်ဂျစ်တယ်နည်းပညာ အသုံးချမှုများသည် အဓိက မောင်းနှင်အားများ ဖြစ်လာရာ မျိုးရိုးဗီဇပြုပြင်မှု၊ မျိုးရိုးဗီဇ အချက်အလက်များ ကာကွယ်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ Circular Economy စသည်တို့တွင် ဇီဝကျင့်ဝတ်နှင့် ကိုက်ညီသောသုတေသနလုပ်ငန်းများ၊ တာဝန်ယူမှုရှိသော ဇီဝနည်းပညာ ဆန်းသစ်တီထွင်ဆောင်ရွက်မှုများကို မြှင့်တင်ရန် လိုအပ်လာကြောင်း၊ ယင်းမှတစ်ဆင့် နိုင်ငံတော်ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့အားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇီဝနည်းပညာသုတေသန ကျင့်ဝတ်များ၊ အာဆီယံနှင့် နိုင်ငံတကာတွင် ဇီဝကျင့်ဝတ်မူဝါဒများ ရေးဆွဲဆောင်ရွက်လျက် ရှိမှုများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၂ ခုတို့မှ တာဝန်ရှိသူများ၊ ဒေသတွင်း တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ပညာရှင်များ၊ တောင်သူများနှင့် MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)သို့ ရောက်ရှိကာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဒေသတွင်း ဖွံ့ဖြိုးရေးနှင့် လူငယ်များ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ် အထောက်အကူပြုသည့် သင်တန်းများကို အရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ် ဖွင့်လှစ်သွားရန် မှာကြားပြီး အင်ဂျင်နီယာဌာနအလုပ်ရုံများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တတိယနှစ် ကျောင်းသားကျောင်းသူများ၏ ဆိုလာလျှပ်စစ်စက်ဘီးအားသွင်းစနစ်၊ အင်တာနက်အခြေပြု ဆိုလာစိုက်ပျိုးရေပေးဝေရေးစနစ်၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စနစ်များနှင့် ဓာတ်အားစနစ်ပုံစံငယ်၊ ကြိုးမဲ့ထိန်းချုပ်မြက်ဖြတ်စက် စသည့် သုတေသနပရောဂျက်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုအားပေးကာ သုတေသနထူးချွန်ဆုများကို ဂုဏ်ပြုချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အစိုးရနည်းပညာ အထက်တန်းကျောင်း (ကျောက်ဆည်)သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဝန်ထမ်းများ၏ လိုအပ်ချက် တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အင်ဂျင်နီယာဘာသာရပ်အလိုက် စာသင်ခန်းများနှင့် အလုပ်ရုံများတွင် သင်ကြားလေ့ကျင့်လျက် ရှိကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ နိုင်ငံတော်က အမှန်တကယ်အားထားရသော နည်းပညာရှင်လူငယ်ကောင်းများ ဖြစ်စေရေး ရည်မှန်း ကြိုးပမ်းသွားကြရန် မှာကြား၍ သုတေသန ထူးချွန်ဆုများကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်-အ-၆၊ ဦးပိုင်အမှတ်-၁၀၂-က၊ ၆၇x၆၈ကြား၊ ဇော်ဂျီxကုသိုလ်တော်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်နှင်း [၉/အမရ(နိုင်)၀၂၂၀၉]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၈၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်ဇော်နိုင် [၉/အမရ(နိုင်)၀၈၇၄၄၆]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရွှေအလင်း**
**အိမ်ခြံမြေအကျိုးဆောင်**
**ပါမစ်/ဂရံ**
**မြေကွက်များ**
**ဈေးကောင်းပေးဝယ်သည်။**
**09-421520509**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ နေမျိုးသူရလမ်း၊ အမှတ်(၁၂၁၃)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ်+ပထမထပ်၊ တိုက်ရှေ့မျက်နှာမူလျှင်(ဝဲဘက်)၊ အကျယ်အဝန်း (အလျား၁၅ပေx အနံ၅၀ပေ)စီရှိ တိုက်ခန်း(၂)ခန်း၊ ယင်းတိုက်ခန်းများနှင့် ပတ်သက်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သဇင် [၁၂/အစန(နိုင်)၀၃၁၃၀၇] မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံ ကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဝင်းမော် [၁၂/ကမန(နိုင်)၀၁၀၉၇၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဟိန်းထိုက်စိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၀၃၃)**
**အမှတ်(၂၉)၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၅၁၆၆၀၇၆၊ ၀၉-၂၅၄၁၀၆၃၅၂**

## အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်ခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော စက်သုံးဆီနှင့် လမ်းခင်းပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်လိုပါသည်။

၂။ လိုအပ်သည့်ပစ္စည်းများ၏ အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ နေပြည်တော် (စီလမ်းဆုံ)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

| | |
|---|---|
| (က) လျှောက်လွှာစတင်ရောင်းချမည့်ရက် | - (၁၇-၁၁-၂၀၂၅)ရက်၊ (တနင်္လာ) နေ့ နံနက်(၁၀:၀၀)နာရီ |
| ( ခ )တင်ဒါလျှောက်လွှာပိတ်မည့်ရက် | - (၁-၁၂-၂၀၂၅)ရက်၊ (တနင်္လာ)နေ့ ညနေ (၄:၀၀)နာရီ |
| ( ဂ )တင်ဒါဖွင့်မည့်ရက်နှင့်နေရာ | - ဆက်သွယ်အကြောင်းကြားပါမည်၊ |

**တင်ဒါစိစစ်ရေးကော်မတီ**
**ဖုန်း-၀၉-၂၅၀၉၀၂၀၀၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ်-ထထ-၃၈၊ ဦးပိုင်အမှတ်-၆၆၊ ၅၈x၅၉ကြား၊ ၁၂၇x၁၂၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အားချန်[၁၃/ကခန(နိုင်)၀၈၂၃၁၁]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ✧ အာရှဖလားမှ

ခြေစမ်းကစားရာ လေးဂိုးပြတ်အရေးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၇ အသင်းသည် တရုတ်ခြေစမ်းခရီးစဉ်မတိုင်မီ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပသည့် ထိုင်းဖိတ်ခေါ် ယူ-၁၇ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရာ တတိယဆုရရှိခဲ့သည်။

မြန်မာ ယူ-၁၇ အသင်းသည် နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလားခြေစစ်ပွဲတွင် အိုမန်၊ ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ နီပေါ အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

### ✦ ထိုင်းခြေစမ်းခရီးစဉ်မှ

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် အောက်တိုဘာလကုန်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ခြေစမ်းပွဲ လေးပွဲ ကစားခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ဘန်ဘူသောင်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ကမ်ဆန်ဘန်ဒစ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး Port Imane SWU Samchuk အသင်းနှင့် ငါးဂိုးစီ သရေကျကာ ထိုင်းလက်ရွေးစင်အသင်းကို ခြောက်ဂိုးပြတ် အရေးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းကို ထိုင်းလူမျိုးနည်းပြ ကာဆာရတ်က ကိုင်တွယ်နေကာ ပဏာမကစားသမား ၂၀ ကျော် ရွေးချယ်ထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မေဃဝတီတိုးချဲ့မြို့အုပ်စုလမ်းသွယ်၊ ကွင်းအမှတ်(၁၀၄၀)၊ ကွင်းအမည်(ဆတ်သွားကျွန်း)ကွင်း၊ ဦးပိုင်အမှတ်(၃၂/ခ)၊ ဧရိယာ(၀.၀၅၅) ဧက၊ ဒေါ်တင်တင်ထွေး အမည်ဖြင့် မြို့မြေကျပြီး မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ- ဒေါ်တင်တင်ထွေး (ဘ) ဦးတင်ဦး [၁၂/သကတ(နိုင်)၀၇၂၀၀၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိမျိုးခိုင် (ဘ) ဦးတင်စိုး [၁၄/မအန(နိုင်)၁၁၇၃၉၅] က(၁၄-၁၁-၂၀၂၅) ရက်နေ့စွဲပါ " နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်" အရပ်ကတိစာချုပ် ချုပ်ဆို ဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ- ဒေါ်အိမျိုးခိုင် (ဘ) ဦးတင်စိုး ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မဇ္ဈူအေးသိန်း (LL.B)** | **ဒေါ်ဝင်းမာဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၅၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၇၀၂၁)**
**(မမ/၃၂၄)၊တန်းမကြီးလမ်း၊မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်။**
**၀၉-၅၀၄၁၄၈၃၊ ၀၉-၄၃၀၂၃၃၂၁**



## လမ်းမတော်မြို့နယ်၌ ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၄**

(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လမ်းမတော်မြို့နယ် (၄)ရပ်ကွက် ၁၀လမ်းနှင့် (၅)ရပ်ကွက် ၁၁ လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် (၁၀)လမ်းထိပ် မဟာဗန္ဓုလလမ်းနှင့် (၁၁)လမ်းထိပ်တို့တွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးက အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလင်းခိုင်၊ ကျောက်တံတားခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာတို့နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါကွန်ကရစ်လမ်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ရန်ကုန်မြို့တော်စည်ပင်အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆောင်ရွက်ခဲ့ပြီး လမ်းအရှည်မှာ ပေ ၈၃၀၊ လမ်းအကျယ်မှာ ၂၄ ပေ၊ ဒုမှာ ၆ လက်မဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

## ကြို့ပင်ကောက်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေး

**ကြို့ပင်ကောက် နိုဝင်ဘာ ၁၄**

ပဲခူး တိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းက အထက (ကြို့ပင်ကောက်) ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက



အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲနိုင်စိုးက မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက် အသုံးပြု၍ မဲပေးပုံအဆင့်ဆင့်နှင့် ရွေးကောက်ပွဲကျင်းပမည့်ပုံစံတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားမိဘများအား မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့်မဲရုံများအား ကွင်းဆင်းစစ်ဆေး



**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံဆောင်ရွက်မည့်နေရာများသို့ ခရိုင်ရွေးကောက်ပွဲကော်မရှင်တာဝန်ရှိသူများက နိုဝင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းရာတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်(၁) ဦးတင့်နိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက အမှတ် ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၄၀၊ ၄၁၊ ၄၂ ရပ်ကွက်များရှိ မဲရုံနေရာ ဆောင်ရွက်ထားရှိမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြင့်မြင့်ရီ**

## အင်းစိန်မြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၁၄**

ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်ရုံးမှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာများကို နိုဝင်ဘာ ၁၂ ရက်က အင်းစိန်မြို့နယ် အလက(၂)တွင် အသိပညာပေး ဟောပြောသည်။

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး(ရုံးခွဲ)မှ စစ်ဆေးရေးမှူး(၃) ဦးနေမျိုးဆန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် သတိပြုလိုက်နာရမည့် မီးပွိုင့်များအကြောင်း၊ Road Sign များအကြောင်းကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**



## (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်



**ရေစကြို နိုဝင်ဘာ ၁၄**

ရေစကြိုမြို့နယ်တွင် (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရေစကြိုမြို့ အထက(၁) မြတမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းက (၁၀၅) နှစ်မြောက်၊အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်တွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အဖွဲ့ဝင် ဦးကျော်ဝင်း၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ပြုံးဝင်းတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝေဇင်မို့(ရေစကြို)**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇၂)၊ ခွါညိုလမ်း၊ မြေကွက်အမှတ်(၂၇၈/က)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပါမစ်အမည်ပေါက်ဖြစ်သူ ဦးကျော်စိုးသန်း (PPN-၀၅၀၆၇၅)ထံမှ အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိလျက် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်သိမ့်သိမ့်မြတ် [၇/အဖန(နိုင်)၀၆၆၉၈၇]က ဝန်ခံကတိပြုပြောဆိုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးခိုင်ဇော်ဦး [၁၂/ဒဂတ(နိုင်) ၀၂၀၅၀၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေကိုပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ခဲ့ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးပွင့်ဖြူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၃၉၁)**
**အမှတ်(၄၉၄)၊ ငမိုးရိပ်(၅)လမ်း၊ အပိုင်း(၃) ၊ငမိုးရိပ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်။ ဖုန်း- ၀၉-၄၃၁၅၃၃၁၀၊ ၀၉-၉၇၇၈၀၁၃၆၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ (၄) လမ်းအရှေ့၊ အမှတ် (၁၇၅) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ၅-လွှာ(တိုက်ကိုမျက်နှာမူလျှင် - ဝဲဘက်)၊ အကျယ်အဝန်း (၁၉ပေx၅၄ပေ)ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ခင်ဝင်း [၁၂/ပဇတ(နိုင်) ၀၄၁၀၃၃]၊ ဦးကျော်မင်းနိုင် [၁၂/ပဇတ(နိုင်) ၀၃၈၄၉၉ ]၊ ဒေါ်ခင်ဇာခြည်ကျော် [၁၂/ပဇတ(နိုင်)၀၃၈၅၀၀]၊ ဦးဇော်မင်းနိုင် [၁၂/ပဇတ(နိုင်) ၀၃၈၅၀၁] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ) ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၅၅)၊ မြေကွက်အမှတ် (၉၉)၊ အကျယ်အဝန်း- (ပေ၄၀x ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ လေှာ်ကားလမ်း၊ (၅၅)ရပ်ကွက်၊ အမှတ်(၉၉) ဟုခေါ်တွင်သော (၁)ထပ် နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဗိုလ်မှူးမျိုးသန်း(S/OKA-065755)နှင့် ဒေါ်လဘန်ဘောက်(EME-124828) တို့ပူးတွဲ အမည်ဖြင့်တည်ရှိသော မြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက်ဖြစ်သူများထံမှ (၃၁-၁၀-၂၀၂၅)ရက်စွဲပါ "နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်စာချုပ်"အရ ယခုရောင်းချသူများဖြစ်သော(၁) ဒေါ်ဆွေဆွေမြင့် [၁/ဗမန(နိုင်)၀၆၂၈၄၅]၊ (၂) ဒေါ်စိုးစိုးကြည်[၁/ဗမန(နိုင်) ၀၅၄၉၄၉]တို့က ဝယ်ယူပိုင်ဆိုင်လာပြီး ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ ကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း၊ အထောက်အထားမူရင်း၊ ဂရန်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မင်းနိုင် (LL.B, C.B.L, WIPO DL-101(GENEVA))**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၉၂၇)**
**အမှတ် (၁၉၉)၊ မြေညီထပ်၊ ဗိုလ်မြတ်ထွန်းလမ်း ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၆၈၁၄၅၁၄၉၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်- ဘဘ-၆၊ ဦးပိုင်အမှတ်- ၅၈၊ ၄၈x၄၉ ကြား၊ ၁၁၃x ၁၁၄ လမ်းကြားရှိ တောဂရန်မြေကွက်မည်ပေါက်သူ ဦးသိန်းဇော် [၉/မရတ(နိုင်) ၀၀၅၀၈၃]၊ EMDY-၂၇၂၀၂၂ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၆၆၆/၂၀၂၀) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အားချင့် [၁၃/နမတ(နိုင်)၀၂၄၂၁၀]က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးတင်ဦး၏သား ဦးမျိုးမင်း [၁၄/ဒဒရ (နိုင်) ၀၈၆၆၉၀]၏ သင်္ဘောသားစာအုပ် SIRB No.002655 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားအပ်ပါသည်။

**ဖုန်း-၀၉-၂၅၁၁၂၈၂၀၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းအမှတ်(၄) ရပ်ကွက်၊ စာဂ(၂၂)လမ်း၊ မြေကွက်အမှတ်(၁၀၄၉)တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦရှိ ပဥ္စမထပ်(၆)လွှာ၊ အဆောက်အဦ၏ တိုက်ကို မျက်နှာမူသော် ညာဘက်ခြမ်း၊ အကျယ်အဝန်း (၁၇ပေx ၅၄ပေ)ရှိ တိုက်ခန်းအပါအဝင်၊ ၎င်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသော ဦးဇာလီဘစိန် [၇/သဝတ(နိုင်) ၀၀၁၅၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ဇလပ်ဖြူလမ်း၊ အမှတ် (၇၁၇/ခ)နေ ဒေါ်သန်းဝင်း၊ [၁၂/ဒလန(နိုင်)၀၁၅၅၃၅] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေ၏သားဖြစ်သူ မောင်သူရအောင် [၁၂/ဒလန(နိုင်)၀၄၇၀၁၉] သည် မိဘညီအစ်ကိုမောင်နှမများ၏ သွန်သင်ဆုံးမမှုများကို နာခံခြင်း လုံးဝမရှိသည့်အပြင် မိဘညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးပြုမူဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမှ ကျွန်ုပ်မိတ်ဆွေ အပါအဝင် ညီအစ်ကိုမောင်နှမများအားလုံးက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ထပ်လောင်းသိစေအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်သန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သိင်္ဂီလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၁၇၇) (၂၈-၂-၂၀၁၇)**
**အမှတ်- ၁၈၊ ရွှေဆံတော်ဘုရားလမ်း၊ တွံတေးမြို့။**
**ဖုန်း- ၀၉-၅၀၄၄၁၆၈၊ ၀၉-၇၈၅၀၄၄၁၆၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်- ဖဖ-၈၊ ဦးပိုင်အမှတ်- ၁၀၈၊ ၁၁၁ လမ်း၊ ၄၆x၄၇ လမ်းကြားရှိ ဂရန်မြေကွက်မည်ပေါက်သူ ဦးကျော်ဆန်းလွင် [၅/ဗမန(နိုင်)၀၇၈၄၉၈] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ ဦးထွန်းစိန်လမ်း၊ အကွက်အမှတ် (၂၆)၊ ကျိုက်ဇောဓိမြောက်ကွက်၊ ဦးပိုင်အမှတ်(၂၇)၊ ကိုထွန်းစိန်၊ မစဘီယာ အမည်ပေါက် (မြို့မြေ)အတွင်းမှ အကျယ်အဝန်း (အလျားxအနံ) (၂၄ ½ x၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဝင်းသန်း(ဘ) ဦးလှမောင် [၁၂/သလန(နိုင်)၁၉၃၈၅၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်အိစုလှိုင်(ဘ)ဦးပြည်စိုးကြီး [၁၂/သလန(နိုင်)၀၉၈၂၁၄]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် - ၈၉၄၉/၂၀၁၃)** | **(စဉ် - ၉၇၃၄/၂၀၁၄)** |
| **၀၉ - ၄၂၀၅၃၁၁၀** | **၀၉ - ၄၂၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ၆-ရပ်ကွက်၊ ပီမိုးနင်းလမ်း၊ အမှတ်- ၁၀၈/၁၄-၁၅ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃/၄(နဝဒေး)၊ မြေကွက်အမှတ်- ၁၀၄၃/က+ခ၊ ဧရိယာ-(၀.၀၆၉)ဧက၊ မြေအမျိုးအစား- ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်စပယ်အောင် [၁၂/ဒဂန(နိုင်)၀၁၉၇၃၂] အမည်ဖြင့်ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးစိုးသိန်းဦး [၁၃/ကမန(နိုင်) ၀၂၃၃၇၆]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ကေသီဖြိုးကျော် (LL.B,D.B.L,D.M.L)** | **ဦးစိုးလှိုင်ဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၁၇၈)** | **အထက်တန်းရှေ့နေ (စဉ်- ၅၃၆၃၇)** |

**အမှတ် -၇၅၁(ပ-ထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း- ၀၉- ၈၈၆၆၉၅၉၆၆၊ ဖုန်း- ၀၉- ၄၂၄၁၆၈၉၈၉၊ ၀၉-၂၅၄၄၁၉၈၁၈**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၃၊ မြေကွက်အမှတ်- ၂၁၀၊ ဧရိယာ- ၀. ၀၆၃ ဧက (၄၆ ပေ x ၆၀ ပေ) ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ ဦးသန်းနွယ် (၁၂/ဥကတ (နိုင်) ၁၂၃၀၈၇) ၏ အမည်ပေါက်သော မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ကောလိယလမ်း၊ အမှတ်- ၂၁၀ ဟုခေါ်တွင်သည့် နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဦးသန်းနွယ် ကွယ်လွန်ပြီးနောက် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်မှတ်ပုံတင်အမှတ်- ၄၇၅၁/၂၀၂၅ (၉-၆-၂၀၂၅) ဖြင့် ပူးတွဲကာအမွေဆက်ခံပိုင်ဆိုင်ခဲ့၍ တရားဝင်လက်ရှိပိုင်ဆိုင်သူများဖြစ်သည့် ဒေါ်တင်အေးကြွယ် (၁၂/ဥကတ (နိုင်) ၀၀၂၀၉၄) ဒေါ်အေးအေးသွယ် (၁၂/ဥကတ (နိုင်) ၀၀၂၀၉၃) နှင့် ဦးမျိုးမင်းဦး (၁၂/ဥကတ (နိုင်) ၁၂၈၁၇၅) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူများ၏ ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ခမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၀-ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ်- ၂၈ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၀၊ မြေကွက်အမှတ်- ၂၈၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေအမျိုးအစား- နှစ်(၆၀)မြေငှားဂရန်မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်လှလှကြည် [၁၄/ပသန(နိုင်)၀၁၁၆၇၄]ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်နုနုလှိုင် [၁/မညန(နိုင်) ၀၀၈၁၅၈]မှ မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းဦး (LL.B, D.B.L)** | **ဦးဟန်လင်းအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၈၇၅)** | **အထက်တန်းရှေ့နေ (စဉ်- ၅၆၆၆၈)** |

**အမှတ်(၇၅၁) (ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း- ၀၉-၈၈၆၆၉၅၉၆၆**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၅-ရပ်ကွက်၊ ဦးဘချိုလမ်း၊ အမှတ်- ၂၆၄ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၅၊ မြေကွက်အမှတ်- ၂၆၄၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေအမျိုးအစား- နှစ်(၆၀)မြေငှားဂရန်မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ရွှန်းဝေအိ [၁၂/ရကန(နိုင်)၀၈၂၄၀၆]ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်အေးနှင်းသက် [၁၂/ကမရ(နိုင်) ၀၁၃၈၇၈]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းဦး (LL.B,D.B.L)** | **ဦးဟန်လင်းအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၆၆၈)** |

**အမှတ်(၇၅၁) (ပထမထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း- ၀၉-၈၈၆၆၉၅၉၆၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၈-ရပ်ကွက်၊ ဗိုလ်ဗထူးအိမ်ရာ(၂)၊ တိုက်အမှတ်-CC-7၊ အခန်းအမှတ်- ၁၀၄ ဟုခေါ်တွင်သော ဧရိယာ (၉၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်ညိုညိုစန်း [၁၂/အစန(နိုင်)၀၁၀၃၃၂]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ကေသီဖြိုးကျော် (LL.B, D.B.L, D.M.L)** | **ဦးဟန်လင်းအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၁၇၈)** | **အထက်တန်းရှေ့နေ (စဉ်- ၅၆၆၆၈)** |

**အမှတ်- ၇၅၁(ပ-ထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း- ၀၉- ၈၈၆၆၉၅၉၆၆၊ ဖုန်း- ၀၉-၄၂၄၁၆၈၉၈၉၊ ၀၉-၂၅၄၄၁၉၈၁၈**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၂-ရပ်ကွက်၊ ဦးပေါ်ဦးလမ်း၊ အမှတ်- ၇၈၉ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂၊ မြေကွက်အမှတ်- ၇၈၉၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေအမျိုးအစား- နှစ်(၆၀) မြေငှားဂရန်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် **ဒေါ်ခင်ဆွေအေး** [၇/သဝတ(နိုင်)၀၀၀၁၀၇]က မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ကေသီဖြိုးကျော် (LL.B, D.B.L, D.M.L)** | **ဦးကျော်မင်းဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၁၇၈)** | **အထက်တန်းရှေ့နေ (စဉ်- ၅၀၆၆၉)** |

**အမှတ်- ၇၅၁(ပ-ထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း- ၀၉-၈၈၆၆၉၅၉၆၆၊ ဖုန်း- ၀၉-၄၂၄၁၆၈၉၈၉၊ ၀၉-၂၅၄၄၁၉၈၁၈**

❖ ငြိမ်းချမ်းရေးတံခါးကို ကျွန်တော်တို့အနေနဲ့ အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိနေပါတယ်။ ဒါကြောင့် လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးက မိမိတို့ရဲ့လိုလားချက်တွေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ စေ့စပ်ညှိနှိုင်းအဖြေရှာရေးကို အားပေးဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ်-Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြင်သစ်၊ နော်ဝေနဲ့ အင်္ဂလန်တို့ နိုင်ပွဲကိုယ်စီရရှိပြီး ပေါ်တူဂီအသင်း ဂိုးပြတ်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့



အင်္ဂလန်အသင်းနှင့် ဆားဘီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလား ဥရောပဇုန် ခြေစစ်ပွဲစဉ်တွေကို နိုဝင်ဘာ ၁၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်အသင်း၊ နော်ဝေအသင်းနဲ့ အင်္ဂလန်အသင်းတို့ဟာ အိမ်ကွင်း ဂိုးပြတ်နိုင်ပွဲများရရှိခဲ့ပြီး ပေါ်တူဂီအသင်းကတော့ အိုင်ယာလန်အသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။

ပြင်သစ်အသင်းက ယူကရိန်းအသင်းကို လေးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ပြင်သစ်အသင်းအတွက် သွင်းဂိုးတွေကို အမ်ဘတ်ပီက နှစ်ဂိုး၊ အိုလစ်ကတစ်ဂိုးနဲ့ အက်ကီတီကီကတစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❋

## ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီနှင့် မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမား ပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီနှင့် မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမား ပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။ ကြေးမုံ

## အာရှအမျိုးသမီးချန်ပီယံလိဂ်ဖလား အုပ်စု(c)ပွဲစဉ် MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၄

၂၀၂၅-၂၀၂၆ ခုနှစ် အာရှအမျိုးသမီး ချန်ပီယံလိဂ်ဖလား အုပ်စု(c) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ လက်ခံကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၅ ရက် ည ၇ နာရီတွင် မြန်မာအမျိုးသမီးကလပ်အား/ကာသိပ္ပံ (ISPE)အသင်းနှင့် မြောက်ကိုရီးယားကလပ် နာဂိုဟန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၆ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV Farmer's Channel ၊ MRTV Entertainment Channel နှင့် မြန်မာ့အသံ Radio App အပါအဝင် အွန်လိုင်းတို့မှလည်း တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ သတင်းစဉ်

## အာရှဖလား ယူ-၁၇ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၇ အသင်း တရုတ်နိုင်ငံ၌ လေ့ကျင့်နေ



တရုတ်နိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၁၇ အသင်းကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၄

၂၀၂၆ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၇ အသင်းသည် တရုတ်နိုင်ငံ၌ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာ ယူ-၁၇ အမျိုးသားလူငယ်လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲ မတိုင်မီ နောက်ဆုံး ပြင်ဆင်မှုအဖြစ် တရုတ်နိုင်ငံ၌ လေ့ကျင့်နေခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၂ ရက်က တရုတ် ယူ-၁၇ အသင်းနှင့်

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✧



## ထိုင်းခြေစမ်းခရီးစဉ်တွင် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်း နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်

နေပြည်တော် နိုဝင်ဘာ ၁၄

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်ခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✦

## ယနေ့ဖတ်စရာ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ကြေညာချက်
စာမျက်နှာ » ၂

(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ
စာမျက်နှာ » ၁၃

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား ဖမ်းဆီးအရေးယူ



စာမျက်နှာ » ၂၂